ဖာကေကျေးရွာ

ဖာကေကျေးရွာအုပ်စု၊ မိုးမောက်မြို့နယ်

ကချင်ပြည်နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဖာကေကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိုးမောက်မြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

မေလ၊ ၂၀၁၈

Scanned by CamScanner

# မာတိကာ


မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) လူဦးရေနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ


Scanned by CamScanner

**၁။ တည်နေရာနှင့် ပထဝီအနေအထား**

ဖာကေကျေးရွာသည် ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့နယ်ခွဲဖာကေ ကျေးရွာ အုပ်စု၊ဒေါ့ဖုန်းယန်မြို့၏အနောက်ဘက် ၃ မိုင်ခန့်အကွာ ဗန်းမော် မြစ်ကြီးနားကားလမ်း အနောက်ဘက်တွင်တည်ရှိသည်။

**၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ရရှိသည်။ကျေးရွာတွင် သဘာဝအရင်းအမြစ်များ အနေဖြင့် ခဲ၊ဝတ်ငွေ၊ ရေနံ၊ ကျောက် မျက်မရှိပါ။ ဆောက်လုပ်ရေးအတွက် သဲနှင့် ကျောက်ကို လိုသလောက် ရရှိနိုင်ပါသည်။ သဘာဝပေါက် ပင်များအနေဖြင့် ဝါး၊ ကြိမ်၊ အင်ကြင်း၊ သစ်မာ အနည်းငယ် ရှိနေသေးပြီး စည်းကမ်းမဲ့ ခုတ်လှဲ ထုတ် ယူခြင်းနှင့် နယ်မြေစိုးမိုးမှုနည်းသောကြောင့် တရားမဝင် သစ်ထုတ်ယူမှုကြောင့် တဖြည်းဖြည်း ရှား ပါးလာသည်။ သဘာဝပေါက်ပင် ဆေးဖက်ဝင် အပင် များမှာ ဆင်တုံးမနွယ်၊ ကြောင်လျှာပင်၊ ဆေးခါး ပင်၊ နနွင်းနက်၊ နနွင်းဝါ၊ ငရုပ်ကောင်း၊ ဆေးသစ်ခွ၊ ပန်းသစ်ခွ၊ ဆေးဆိုးပင်၊ လျှော်ပင်များရှိ သော် လည်း စည်းကမ်းမဲ့ထုတ် ယူပြီး တရုတ်ပြည်သို့ ရောင်းချကြသည်။ဝဥကိုသဘာဝပေါက်ပင်အနေဖြင့်တွေ့ရှိရပြီးဝဥကို တရုပ်ပြည်သို့ ရောင်းချခြင်းနှင့်ဒေသအတွင်း ကြိုချက်စားကြသည်။ ဝဥစိုက်ပျိုးရန် ဗဟုသုတ မရှိကြပါ။ သဘာဝပေါင်ပင်များကိုဈေးကောင်းမရကြဘဲထုတ်ယူသုံးစွဲမှုများခြင်းကြောင့် တဖြည်းဖြည်းရှားပါးလာ သည်။ သဘာဝပေါက်ပင်များကို ကျွမ်းကျင်မှုမရှိသောကြောင့် အကျိုးရှိရှိ အသုံးမပြု နိုင် ကြပါ။ကျေးရွာဖွံ့ဖြိုးရေးအတွက်ထိရောက်စွာအသုံးမပြုနိုင်ကြပါ။ တိုင်းရင်းဆေးပညာ သင်ကြား နိုင် ပါ ကကျေးရွာဖွံ့ဖြိုးရေးအတွက်အကျိုးရှိလာမည်ဖြစ်သည်။ဝဥစိုက်ပျိုးနည်းနှင့် ဝဥစိုက် ပျိုးရန် တင်ပြကြသည်။ သစ်ခွပင်များလည်း ရှားပါလာသဖြင့် စိုက်ပျိုးလိုကြသည်။ သစ်ခွလိပ်နည်း ကို လည်း စိတ်ဝင်စားကြသည်။

သဘာဝတောင်ရိုင်းတိရစ္ဆာန်အနေဖြင့် ကျေးရွာအနီးတွင် ဝက်ဝံ၊ ဂျီ၊ ဆတ်၊ တောဝက်၊ ဖြူ၊ သင်းခွေကြပ်၊ ဖွတ်၊ မြွေမျိုးစုံ၊ တောကြက်၊ တောကြောင်၊ ငါး၊ လိပ်နှင့် ဖားတို့ရှိပြီး စည်းကမ်းမဲ့ ဖမ်းယူ စားသောက်ကြသောကြောင့် တဖြည်းဖြည်းရှားပါးလာသည်။

**၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

**(က) လူဦးရေနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၂၀၀ ရှိပြီး လူဦးရေပေါင်း ၁၀၃၄ (ကျား ၅၀၄ + မ ၅၃၀) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၅.၁၄ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ ၏ စံနှုန်းဖြစ်သော ၅ ယောက်နှုန်းထက် အနည်းငယ်များသည်ကို တွေ့ရသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် စုစုပေါင်း ၁၆ ဦး၊ ၁.၅၄% သာရှိသဖြင့် ယခုနှစ်များတွင် မွေးဖွါးနှုန်း အလွန်ကျ ဆင်း နေ သည်ကိုတွေ့ရသည်။ ၅ နှစ်အောက်ကလေး ၆၅ ဦး (၆.၂၉%) ရှိသည်ကိုသိရှိခြင်းအားဖြင့်ကာကွယ် ဆေးထိုးရမည့် ကလေးနှင့် မူကြိုကျောင်းတက်ရောက်နိုင်သည့် ကလေးအရေအတွက်ကို အတိအကျ သိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တိုင်းတာတွက် ချက်နိုင်မည်။ မူကြိုကျောင်လိုအပ်မှုရှိမရှိကိုလည်းအလွယ်တကူ ဆန်းစစ်နိုင်သည်။မူလတန်းအရွယ ်ကလေး၁၂၂ဦး(ကျား၆၁+မ၆၁)နှင့် အလယ်တန်းကျောင်းသား အရွယ် ၁၁၁ ဦး (ကျား ၅၈+မ ၅၃) သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေ နိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ် လုပ်နိုင်သော အရွယ် ၆၈၁ (ကျား ၃၃၇+ မ ၃၄၄)၊ (၆၅.၈၆%)

ရှိသောကြောင့် ကျေးရွာတွင် အလုပ် လုပ်နိုင်သော လူဦးရေ အလွန်များ ပြားသည်ကို တွေ့ရသည်။ ၄င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ပါ က ကျေးရွာဖွံ့ ဖြိုးရေးအတွက် များစွာ အထောက်အကူဖြစ်မည်။ အလုပ်လုပ်ကိုင်နိုင်သောအရွယ်တွင် အမျိုးသမီးဦးရေ သည် အမျိုးသား ဦးရေထက် ၇ ဦး (၁.၀၃%) ပိုများနေသည်ကို တွေ့ရသည်။ ကျေးရွာတွင် သက်ကြီး ရွယ်ကြီး ၃၉ ဦး (ကျား ၁၁+မ ၂၈) ဦး (၃.၇၇%) သာ ရှိသဖြင့် ကျေးရွာတွင် ကျန်းမာရေးအခြေအနေ ညံ့သည်ကို တွေ့ရသည်။ သက်ကြီးရွယ်ကြီးတွင်လည်း အမျိုးသမီးဦးရေသည် ၁၇ ဦး (၆၀%) ပိုများ နေသည်ကို တွေ့ရသဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် အသက်ရှည် သည်ကိုတွေ့နိုင်သည်။

ဖာကေကျေးရွာတွင်း အဖွဲ့ပေါင်း (၄) ဖွဲ့ရှိပြီးအဖွဲ့အားလုံးမှာ လူမှုရေးကို အခြေခံသောအဖွဲ့များဖြစ်ကြသည်။ အမျိုးသမီးရေးရာအဖွဲ့မှာ ပြင်ပမှ လာရောက်ဖွဲ့ပေးသောအဖွဲ့ ဖြစ်ပြီး စွမ်းဆောင်နိုင်မှု ညံ့သည်ကိုတွေ့ရပြီး ကျန် ၃ ဖွဲ့မှာ ကျေးရွာမှ မိမိတို့၏ လိုအပ်ချက်အရ ဖွဲ့စည်းထားသောအဖွဲ့များ ဖြစ်ကြပြီး စွမ်းဆောင်နိုင်မှုလည်း ကောင်းသည်။ ၄င်းအဖွဲ့များကို သုံးသပ်ရာတွင် ကျေးရွာမှ မိမိတို့ကိုယ်တိုင် လိုအပ်ချက်အရ ဖွဲ့စည်းသော အဖွဲ့များသည် တာဝန်ယူမှု၊ တာ ဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန်အလှန် ယုံကြည်မှုရှိသည်။ လုပ်ငန်းလုပ် ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည်နိုင်ကြသည်။ အဖွဲ့ဝင် ဦးရေအရ ကျား/မ အားလုံး ပါဝင်ကြသော်လည်း အလုပ်တာဝန်ခွဲဝေသည့်အခါ အမျိုးသားများကသာ အရေးပါသော ဆုံးဖြတ် ချက်ချနိုင်သော(ဥက္ကဌ/အတွင်းရေးမှူး စသည်) တာဝန်များကို ယူလေ့ရှိကြပြီး အမျိုးသမီးများမှ အရေးမပါသော (အဖွဲ့ဝင်/သော့ထိမ်းစသည်) တာဝန်များကို ပေးလေ့ရှိကြသည်။ ထို့ကြောင့် အဖွဲ့အ စည်းများ ဖွဲ့စည်းရာတွင် အမျိုးသား/သမီး အနည်းငယ်ခွဲခြားမှု ရှိသည်ကို တွေ့ရသည်။ ပြင်ပမှ လုပ် ငန်းလို အပ်ချက်အရဖွဲ့စည်းခဲ့သော အဖွဲ့ရှိသော်လည်း တာဝန်ယူမှု တာဝန်ခံမှု၊ အပြန်အလှန် ယုံကြည်မှု အားနည်းသည်။ လုပ်ငန်းစွမ်းဆောင်မှုလည်း အားနည်းသည်။ ရေရှည် ရပ်တည်နိုင်မှုမ ရှိကြပါ။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ် မိုးစပါးစိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါး၊ ပြောင်းဖူးနှင့် ဆောင်းသီးနှံ ဆီမုံညင်းနှင့် ပန်းနှမ်းဖြစ်သည်။ ကျေးရွာတွင် အဓိကစိုက်ပျိုးသောသီးနှံများမှာ စပါး၊ မိုးပြောင်း၊ ဆောင်း ပြောင်းနှင့် ဖရဲတို့ဖြစ်ပါသည်။ စပါးစိုက်ကေပေါင်း (၅၆၂.၅) ကေရှိပြီး ဇွန်/ဇူလိုင်လတွင် စတင် စိုက်ပျိုးကြပြီး နိုဝင်ဘာ/ဒီဇင်ဘာလတွင် ရိတ်သိမ်းကြသည်။ အနည်းဆုံးထွက်နှုံးမှာ တကေ တင်း ၆၀ မှ အများဆုံး တင်း ၁၀၀ နှင့် ပျမ်းမျှ ၈၀ တင်းနှုံးထွက်သဖြင့် စပါးထွက်နှုံးကောင်းသည်။ သွင်းအား စု လိုအပ်ချက်မှာ အနည်းငယ်သာဖြစ်ပြီး အမြတ်ရရှိနိုင်မှု မြင့်သည်။ အကယ်၍ ဆည်မြောင်း ကောင်း မွန်ပြီး သွင်းရေအလုံအလောက်ရရှိပါက စပါးအထွက်နှုံး ပိုမိုလာမည် ဖြစ်ပါသည်။

မိုးပြောင်းဖူးစိုက်ကေမှာ ၁၀၀ ကေခန့်ရှိပြီး ဧပြီနှင့်မေလတို့တွင် စတင်စိုက်ပျိုးပြီး ဩဂုတ်နှင့် စက်တင်ဘာလတို့တွင် ရိတ်သိမ်းကြသည်။ ရိတ်သိမ်းချိန်တွင် မိုးများပြီး မိုးရေနစ် ခြင်းဖြစ်ပေါ် တတ်သဖြင့် သီးနှံအနည်းဆုံးထွက်နှုံးနှင့် အများဆုံးထွက်နှုံးမှာ ကွာခြားမှုရှိသည်။ တစ်ကေ

Scanned by CamScanner

အနည်းဆုံး ၅ တင်းမှ အများဆုံး တင်း ၈၀၊ ပျမ်းမျှ ၄၂.၅ တင်းနှုန်း ထွက်သည်။ ဈေးကွက်အလုံအလောက်ရှိ သော်လည်း သွင်းအားစုလိုအပ်ချက်မြင့်ပြီး အမြတ်အစွန်းမှာ အသင့်အတင့်သာ ရရှိသည်။

ဆောင်းပြောင်းစိုက်ဧက ၈၀ ခန့်ရှိပြီး သီးနှံအထွက်နှုန်းမှာ အနည်းဆုံး ၅၀ တင်းမှ အများဆုံး ၁၀၀ တင်း၊ ပျမ်းမျှ (၇၅) တင်းနှုန်းအထိထွက်ရှိပြီး မိုးပြောင်းထက် သီးနှံအထွက်နှုန်းကောင်းသည်။ ပြောင်းစိုက်ပျိုးရာတွင် ပြောင်းဖူးစိုက်ပျိုးခြင်းမှာ မြေဆီစုတ်ယူမှုများပြီး နှစ်စဉ်ဆက်တိုက် တစ်နေရာတည်းတွင် ပြောင်းဖူးကို တစ်နှစ်ပါတ်လုံး ဆက်တိုက်စိုက်ပျိုးကြပြီး သီးလှည့်/သီးရော စိုက်ပျိုးစနစ်အတွက် နည်းပညာနှင့် ဗဟုသုတအားနည်းသောကြောင့် မြေဆီသြဇာတဖြည်းဖြည်းလျော့နည်းလာ သဖြင့် သွင်းအားစုလိုအပ်ချက်မှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုလိုအပ်လာပြီး အမြတ်ရရှိနိုင်မှု လတ်ဖြစ်သည်။

ဖရဲကို ဧက ၂၀၀ ခန့် စိုက်ပျိုးကြပြီး တစ်ဧက အနည်းဆုံး ၂၀ တန်မှ ၄၀ တန်၊ ပျမ်းမျှ တစ်ဧက (၃၀) တန်နှုန်းအထိ ထွက်သည်။ တရုပ်ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရှိသော်လည်း ဈေးကွက်တည်ငြိမ်မှု မရှိ။ သွင်းအားစုလိုအပ်ချက်မြင့်ပြီး အကျိုးအမြတ်ရရှိနိုင်မှု လတ်ဖြစ်သည်။ မျိုးကောင်းရရှိရန်ခက် ခဲပြီး မျိုးစေ့ ဈေးကြီးသည်။

ကျေးရွာအနီး သယံဇာတအနေဖြင့် သဲကျောက်အလွယ်တကူအသုံးပြုနိုင်သည်။

ဖာကေကျေးရွာတွင် အိမ်ခြေ ၂၁၀ အိမ်ရှိပြီး အဆင့် ၁ (၂၀) အိမ် ၊ အဆင့် ၂ (၃၆)အိမ် ၊ အဆင့် ၃ (၁၀၃) အိမ် ၊နှင့် အဆင့် ၄ (၅၁) အိမ် ရှိ သည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်ဆိုင်သောပစ္စည်း ပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုသည် ကျေးရွာစီးပွါးဥစ္စာနေအဆင့် ခွဲရာတွင် အဓိက အရေးပါသည်ကို တွေ့ရသည်။ ကျေးရွာတွင် အဆင့် ၁ နှင့် အဆင့် ၂ အိမ်အရေအတွက်မှာ နည်းပြီး ၂၁၀ အိမ်ထောင်စုအနက် (၅၆) အိမ် သာ ရှိသော်လည်းပိုင်ဆိုင်မှုအနေဖြင့် များပြားစွာ ပိုင်ဆိုင်ကြပြီး ဝမ်းစာဖူလုံကြသော်လည်း အဆင့် (၃) အဆင်မပြေနှင့် အဆင့် (၄) အလွန်အဆင်မပြေအိမ်ထောင်စု အရေအတွက်မှာ ၂၁၀ အိမ်အနက် ၁၅၄ အိမ်ရှိသည်။ အရေအတွက်များသော်လည်း ပိုင်ဆိုင်မှုမှာ အလွန်နည်းပြီး ဝမ်းစာဖူလုံမှုမရှိကြပါ။ ထို့ကြောင့် အများစုဖြစ်သော အဆင့် ၃ နှင့် အဆင့် ၄ အိမ်ထောင်စုများသည် အဆင့် ၁ နှင့် အဆင့် ၂ အိမ် များသို့ ကျပမ်းသွားရောက် လုပ်ကိုင်ကြရသော်လည်း ပုံမှန်အလုပ်အကိုင်မရှိ၊ လုပ်အားခမှာလည်း အ လွန်နည်းသောကြောင့် ပြင်ပ (ပြည်တွင်း/ပြည်ပ) သို့ ရွှေ့ပြောင်းသွားလာလုပ်ကိုင်စားသောက်ကြ ရသည်။

ဖာကေကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါး မွေးမြူကြသော်လည်း စီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။ နွား၊ ကျွဲ၊ ဝက်နှင့် ကြက်ကို အဓိက မွေးမြူကြပြီး နွားကို ၄၇ အိမ်မှ ၁၈၉ ကောင်၊ ကျွဲကို ၅၁ အိမ်မှ ၁၆၁ ကောင်၊ ဝက်ကို ၁၈၃ အိမ်မှ ၈၆၂ ကောင်၊ ကြက်ကို ၁၇၆ အိမ်မှ ၁၂၀၁ ကောင်နှင့် ဘဲကို ၇ အိမ်မှ ၃၃ ကောင် မွေးမြူကြသည်။ မွေးမြူရေးနှင့် ပါတ်သက်၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ဈေးကွက်အလုံလောက်ရှိသဖြင့် တိုးမြှင့် မွေး မြူလိုကြသော်လည်း မွေးမြူရေးချေးငွေမရှိ။ အရင်းအနှီးနည်းသည်။ သားသတ် လိုင်စင်၏ ခေါင်းပုံဖြတ်မှုခံရသည်။ လွတ်လပ်စွာ ရောင်းချခွင့်မရှိကြသောကြောင့် ဈေးကောင်းမရ၊ အကျိုးအမြတ်နည်းနေသေးသည်။ နှစ်စဉ်ရာသီအလိုက်ရောဂါများ ဆိုးရွားစွာကျရောက်လေ့ရှိပြီး ကျေးရွာတွင် လိုအပ်သည့် အချိန်တွင် ဝန်ဆောင်မှု အလွယ်တကူ မရနိုင်ကြပါ။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

Scanned by CamScanner

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲသူ အိမ်ထောင်စု ၇၆ (၃၅%)သာ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးကို အသုံးပြုနိုင်ကြပြီး၊ ဆိုလာစနစ်သုံးစွဲသူ ၁၂၅ အိမ် ထောင်စု၊ အခြားသုံးစွဲသူ အိမ်ထောင်စု ၁၇ ခန့် ရှိ သည်။

လျှပ်စစ်မီးသုံးစွဲရာတွင် မီးခဏခဏပျက်လေ့ရှိပြီး မီတာခမှာလည်း အသုံးပြုမှုကို လစဉ် ပုံမှန် မီတာမဖတ်သောကြောင့် မီတာခများသည်။

ဆိုလာစနစ်သုံးစွဲသူ ၁၂၅ အိမ်ထောင်စုရှိပြီး ရာသီဥတုမကောင်းပါက အားမပြည့်ပါ။ စာကြည့် မီးအတွက်သာသုံးရပြီး ကျန်အိမ်သုံးလျှပ်စစ်ပစ္စည်းများအသုံးပြုမရနိုင်သောကြောင့် အခက်အခဲများ ရှိ သည်။

ကျန် အိမ်ထောင်စု ၁၇ ခန့်မှာ ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက်များ အသုံးပြု ရသောကြောင့် စာကြည့်မီး အလင်းရောင်သာရရှိပြီး အလင်းရောင်လုံလောက်မှုမရှိ၊ မီးဘေး အန္တရာယ်ရှိသည်။ ထို့ ကြောင့် ကျန်မီးသွယ်တန်းရန် မတတ်နိုင်သော ၁၄၂ အိမ်ကို ဆင်းရဲသားမီးလင်းရေး အရစ်ကျစနစ်ဖြင့် ဆောင်ရွက်ပေးရန်နှင့် မီးအားမပြည့်ခြင်း၊ မီတာ အသုံးပြုမှုကို လစဉ်ပုံမှန်မဖတ် သဖြင့် မီးအသုံးပြုမှု ကုန်ကျမှု ပိုမိုများနေခြင်း စသည့် အခက်အခဲများ ရှိသည်။

ကျေးရွာတွင် ၃ ရက် မှတခါ နံနက်ခင်းဈေးရှိပြီး ခြေလျင်/ဆိုင်ကယ်ဖြင့် သွားလာ နိုင်သည်။ ကျေးရွာနံနက်ခင်းဈေးတွင် စားသောက်ကုန်ကုန်စိမ်း၊ ကုန်ခြောက်၊ အိမ်သုံး ပစ္စည်းများသာ ဝယ်ယူရ ရှိနိုင်သည်။ ဈေးအဆောက်အဦးမှာ ညံ့သည်။ နံနက်အချိန်တွင်သာ ဈေးရှိခြင်း၊ ကုန်မျိုးစုံ ဝယ်ယူရရှိနိုင်ခြင်းမရှိဘဲ စားကုန် ကုန်စိမ်း၊ ကုန်ခြောက်သာ ရရှိနိုင်သော ကြောင့် ဈေးဝန်ဆောင်မှု ညံ့ သည်။

အကြီးစားဈေးမှာ ဒေါ့ဖုန်းယန်နှင့် ဗန်းမော်မြို့တို့တွင် တည်ရှိပြီး ဆိုင်ကယ်၊ သုံးဘီးဆိုင် ကယ်များကို စင်းလုံးငှါး သွားလာကြရသောကြောင့် ကုန်ကျစရိတ်များသည်။ တစ်နေ့တစ်ကြိမ် ကျေးရွာမှ ဗန်းမော်သို့ ရွာလိုင်းကားပြေးဆွဲကြသည်။ ဗန်းမော်ဈေးတွင် ကုန်မျိုးစုံ လိုသလောက် အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး တစ်နေကုန်ရောင်း၊ ဝယ်နိုင်သဖြင့် ဈေးအဆောက်အဦးနှင့် ဝန်ဆောင် မှုကောင်းသည်။ ဒေါ့ဖုန်းယန်ဈေးသို့လည်း သွားလာကြပြီး ဆိုင်ကယ်/သုံးဘီးဆိုင်ကယ် တို့ဖြင့် သွားလာကြပြီး ဈေးဝန်ဆောင်မှု အနည်းငယ်ညံ့သည်။ ပြည့်စုံမှုနည်းသည်။ အကယ်၍ ကျေးရွာ နံနက်ခင်းဈေးအား အဆင့်မြှင့်တင်နိုင်ပါက ပိုမိုအဆင်ပြေပြီး သယ်ယူပို့ဆောင်ရေး အဆင်ပြေသွားမည် ဖြစ်သည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင် အစိုးရ စိုက်ပျိုးရေးဘဏ်မှ ယခင်ကချေးငွေ ရရှိသော်လည်း ယခုအခါ စိုက်ပျိုးမြေများ ပုံစံ ၇ မရရှိခြင်းကြောင့် စိုက်ပျိုးစရိတ်ချေးငွေ မရကြတော့ပါ။ ပုံစံ (၇) ရရှိ ရန် တင်ပြထားသော်လည်း မရရှိသေးဘဲ ကြံ့ကြာနေသောကြောင့် တောင်သူများအနေဖြင့် များစွာ နစ်နာမှုရှိသည်။ ထို့ကြောင့် ပုံစံ (၇) အမြန်ရရှိရန် တင်ပြကြသည်။

မြစိမ်းရောင်ချေးငွေမှာ အတိုးနှုန်းသက်သာသည်။ အပေါင်ခံမလိုသော်လည်း ကာလတို ချေးငွေ ဖြစ်ပြီး ချေးငွေ လုံလောက်မှုမရှိသေးပါ။

Scanned by CamScanner

မိတ်ဆွေ၊ ဆွေမျိုးများထံမှ ငွေချေးရာတွင် ကာလတိုနှင့် ကာလလတ်ချေးငွေအတွက် ငွေချေးနိုင်ကြပြီး လစဉ်အတိုးကို ပေးကြရသည်။ အတိုးနှုန်းမှာ ၅-၁၀% ဖြစ်ပြီး အပေါင်ခံပစ္စည်းမလိုအပ်ပါ။

မြစိမ်းရောင်ချေးငွေနှင့် မိတ်ဆွေ၊ ဆွေမျိုးထံမှ ချေးငွေမှာ လိုသလောက်မရနိုင်ခြင်း၊ လိုအပ်သည့်အချိန်တွင် မရနိုင်ခြင်းနှင့် ကာလတိုချေးငွေများသာဖြစ်သောကြောင့် အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေရရှိနိုင်ပါက အဆင်ပြေမည်ဖြစ်သည်။

ထို့ကြောင့် တောင်သူများနှင့် သင့်လျော်သော အတိုးနှုန်းသက်သာသည့် နှစ်ရှည်ချေးငွေပံ့ပိုးပေး ရန် တင်ပြကြသည်။

(င) ပညာရေး

ကျေးရွာတွင် ၅ နှစ်အထက်လူဦးရေး (၈၃၁) ရှိသည့်အနက် စာမတတ်သူ ၁၈၆ ဦး (ကျား ၇၄ + မ ၁၁၂)၊ မူလတန်းအဆင့် အတန်းပညာပြီးမြောက်သူ ၁၉၄ (ကျား ၉၂၊ မ ၁၀၂) ဦး၊ အလယ်တန်းအဆင့် အတန်းပညာပြီးမြောက်သူ ၂၄၃ ဦး (ကျား ၁၂၈၊ မ ၁၁၅) ဦး၊ အထက်တန်းအဆင့် အတန်းပညာပြီးမြောက်သူ ၁၀၀ ဦး (ကျား၄၈၊ မ ၅၂) ဦး၊ တက္ကသိုလ်၊ ကောလိပ်အဆင့် အတန်းပညာ ပြီးမြောက်သူ (၂၃) (ကျား ၁၁၊ မ ၁၂) ဦးရှိသဖြင့် ကျေးရွာ၏ စာတတ်မြောက် မှုအ ခြေအနေ အသင့်တင့် ကောင်းမွန်သည်ကို တွေ့ရှိရပြီး အမျိုးသမီးများသည် အမျိုးသားများထက် ပညာ တတ် မြောက်သူဦး ရေပိုများသည်ကို တွေ့ရသည်။ ဤသို့ဖြစ်ရသည်မှာ အမျိုးသားများမှာ အရွယ် ရောက်လာပါက မိသားစုဝင်ငွေနှင့် စားဝတ်နေရေးအတွက် ကျောင်းထွက်အလုပ်လုပ်ကြရပြီး ပညာ ဆက်လက်သင်ကြားနိုင်ခြင်းမရှိသောကြောင့် အမျိုးသားများသည် အမျိုးသမီးများထက် ပညာတတ်ဦး ရေနည်းပါရခြင်းဖြစ်သည်။ အမျိုးသား/အမျိုးသမီး တန်းတူ ပညာသင်ကြားခွင့် ရကြသည်ကိုလည်း တွေ့ရသည်။ဖာကေကျေးရွာတွင် မူလတန်းကျောင်းသားအရွယ် ၁၂၂ ဦးရှိသည့်အနက် လက်ရှိ မူလတန်းတက်ရောက်သူမှာ ၁၀၉ ဦးတက်ရောက်နိုင်သဖြင့် ၈၉.၃% သာ ကျောင်းတက်နိုင် သည်ကို တွေ့ရသည်။ အလယ်တန်းကျောင်းသားအရွယ် ၁၁၁ ရှိသည့်အနက် လက်ရှိ အလယ်တန်း ကျောင်းတက်သူမှာ ၈၁ ဦးသာ ရှိပြီး ၇၂..၉% သာ ကျောင်းတက်နိုင်သည်။ အကြောင်းမှာ မိဘများ ဆင်းရဲသောကြာင့် အချို့ကျောင်းနေအရွယ်ကလေးများ ပြည်တွင်း/ပြည်ပ (တရုပ်) သို့ ရွှေ့ပြောင်း သွားလာ အလုပ်လုပ်ကိုင်ပြီး မိသားစုဝင်ငွေအတွက် အလုပ်လုပ်နေကြရသောကြောင့် ကျောင်းဆက် မတက်နိုင်ကြသည်ကို တွေ့ရသည်။ အထက်တန်းကျောင်းသား ဦးရေမှာ (၃၅) ရှိပြီး တက္ကသိုလ်/ကောလိပ် တက်ရောက်နေသူ (၂၀) ဦး ရှိသည်ကို ကြည့်ခြင်းဖြင့် ကျေးရွာ၏ ပညာရေး အခြေအနေမှာ အသင့်အတင့် ရှိကြောင်းတွေ့ရသည်။

တပည့်ဆရာအချိုးမှာ ၄၀း ၁ အောက်ရှိသောကြောင့် ဆရာ/ဆရာမ လုံလောက်မှုရှိသည်။ မသန်စွမ်းသူများအတွက် ပညာရေးအထူး အစီအစဉ် မရှိပါ။ ကျောင်းသုံး စာအုပ် နှင့် စာရေးကရိယာလုံလောက်မှုမရှိ။ ဆင်းရဲသော မိသားစုများ အတွက် ကျောင်းစရိတ် မတတ်နိုင်မှုမှာ အသင့်အတင့်ရှိသည်။ ကျောင်းတွင် အားကစားကွင်းရှိသော် လည်း အားကစား ပစ္စည်း လုံလောက်မှု မရှိပါ။ မိဘဆရာအသင်း၏ အခန်းကဏ္ဍ အသင့်အတင့်သာ ကောင်းသည်။အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်း ပညာ နိမ့်ကျဆဲဖြစ်ပြီး ၎င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

(စ) ကျန်းမာရေး

Scanned by CamScanner

အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွါးမှု နိမ့်သည်။ ဆင်းရဲသားများမှာ ခြင်ထောင်မသုံးစွဲနိုင်ခြင်း၊ ရေဝပ်ခြင်းနှင့် ခြုံပုတ်များရှိပြီး ခြင်ပေါသဖြင့် သွေးလွန်တုတ်ကွေးအဖြစ် များသည်။ ငှက်ဖျားရှိသော်လည်း ဖြစ်ပွါးမှုနိမ့်သည်။ အသက်ရှူလမ်းကြောင်းကူးစက်ရောဂါနှင့် လိင်မှ တဆင့် ကူးစက်နိုင်သော ရောဂါ၊ တီဘီရောဂါနှင့် အဟာရချို့တဲ့မှုရောဂါများ ဖြစ်ပွါးမှုနိမ့်သည်။ ဟင်း ချိုမှုန့် အလွန်အကျွံသုံးခြင်း၊ ဓါတုဆေးဝါးပါသောအသားငါး၊ ဟင်းသီး/ရွက်နှင့် အသီးများ၊ အရောင် ချွတ်ဆေးပါသော အစားအစာများကို နေ့စဉ်မလွဲမရှောင်သာ စားသောက်နေရခြင်း၊ ကျန်းမာရေးလေ့ ကျင်းခန်းပြုလုပ်သည့် အလေ့အထမရှိခြင်းတို့ကြောင့် ဆီးချို၊ သွေးတိုး ရောဂါမှာ အဆိုးဆုံးဖြစ်ပွါးပြီး ကျန်းမာရေးဆေးကုသစရိတ်ကုန်ကျမှုများကြသည်။ အသည်းရောင်ရောဂါ (ဘီ၊စီ) မှာလည်း အသက် ရှူလမ်းကြောင်းမှတဆင့်ကူးစက်ခြင်းနှင့် လူအသုံးအဆောင်များကို ရောဂါရှိသူများနှင့် အတူသုံးစွဲရာ မှတဆင့် အလွယ်တကူကူးစက်နိုင်သော ကြောင့် အသည်းရောင်ရောဂါ (ဘီ၊စီ) အဖြစ်များသည်။ ကျေး ရွာတွင် အခြားကူးစက်နိုင်သော ရောဂါများမရှိပါ။ ကျန်းမာရေးဗဟုသုတလည်း အားနည်းသည်။ ထို့ကြောင့် ကျေးရွာကျန်းမာရေးအနေဖြင့် ကျန်းမာရေးပညာပေးသင်တန်း၊ ကျန်းမာရေးလေ့ကျင့်ခန်းသုံး ကရိယာများ လိုအပ်လျက်ရှိပြီး စားသုံးသူရပိုင်ခွင့် ဥပဒေပြဋ္ဌာန်းပေးရန်လိုအပ်ပါသည်။ ကျေးရွာတွင် ကာကွယ်ဆေးများကို ပုံမှန်ထိုးပေးလေ့ရှိသည်။

ကျေးရွာတွင် ကျေးလက်ဆေးခန်းမရှိဘဲ အနီးဆုံး ၁၀ မိုင်ကျေးရွာတွင် ဆေးခန်းရှိပြီး ၁ ဖာလုံ ခန့်သာ ကွာဝေးသည်။ အရေးပေါ်ကိစ္စဖြစ်ပါက ကျေးရွာတွင် အရံသားဖွား လည်း ကျွမ်းကျင် မှုအားနည်းသည်။ တိုက်နယ်ဆေးရုံမရှိ၊ မြို့နယ်ဆေးရုံမှာ မြစ်ကြီးနားမြို့တွင် တည် ရှိပြီး ၁၀ မိုင်ကျော်ကွာဝေးသည်။ လမ်းကောင်းသော်လည်း အရေးပေါ်သွားလာရန် ယဉ်မရှိသောကြောင့် အရေးပေါ်ကိစ္စများအတွက် များစွာအခက်အခဲရှိသည်။ ထို့ကြောင့် အရေးပေါ်ယဉ် လိုအပ်သည်။

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီဩဇာ အခြေအနေတွင် ရွှေ့ ပြောင်းတောင်ယာစိုက်ပျိုးသည့် အလေ့အကျင့်ကြောင့် မြေဆီလွှာတိုက်စားခြင်းနှင့် မြေဆီဩဇာ လျော့ နည်းလာပြီး အန္တရာယ်ရှိမှုမြင့်သည်။ လူအသုံးဝင်သော အပင်မျိုးစိတ်များ (ဝါး၊ သစ်၊ ဆေးဖက် ဝင် အပင်များ၊ သစ်ခွများ စသည်) မှာလည်း စည်းကမ်းမဲ့ထုတ်ယူသုံးစွဲခြင်းနှင့် ထိန်းသိမ်းမှု အားနည်း ခြင်းတို့ကြောင့် ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ရာသီဥတုဖေါက်ပြန်ခြင်းနှင့် ဓါတုဆေးဝါများကို စနစ်တကျသုံးစွဲခြင်းမရှိသောကြောင့် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှု တွင်လည်း အန္တရာယ်ရှိမှု မြင့်သည်။ သစ်တောပြုန်းတီးမှုကြောင့် ရေထွက်နှင့် ရေအရင်းအမြစ်များ ခမ်းခြောက်လာသဖြင့် ရေအ ရင်းအမြစ်များ အန္တရာယ်ရှိမှုလတ်ဖြစ်သည်။ ဘက်ထရီဖြင့် ရှော့တိုက်ခြင်း၊ ပိုးသတ်ဆေးဘူး ခွံများကို လယ်များ၊ ချောင်းများတွင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ငါးမျိုးကွဲများ ပြုန်းတီးလာကြပြီး အန္တရာယ် ရှိမှုမြင့်သည်။ စည်းကမ်းကဲ့ မုဆိုးလိုက်ခြင်းနှင့် ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် အခြားတောရိုင်းတိရိစ္ဆာန်များမှာလည်း ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ဂျီ၊ တောဝက်၊ တောကြောင် အနည်းငယ် သာရှိပြီး ရှားပါးလာသည်။ ရေနုတ်မြောင်းများတိမ်ကောလာခြင်းနှင့် ရေပွန်တပ်ဆင်မှု မြင့်နေသော ကြောင့် မိုးရာသီ မိုးရက်ဆက်ရွာသွန်းလျှင် စပါးခင်းများ ရေနစ်မြုပ်ခံရသောကြောင့် အချို့ တောင်သူ များ၏ စပါးခင်းများရေနစ် ပျက်စီး၍ နောက်တကြိမ် ပြန်လည်စိုက်ပျိုးရခြင်းများ ကြုံတွေ့ကြရသည်။

Scanned by CamScanner

ဖာကေကျေးရွာတွင် သောက်ရေတွင်း( ၂၈) တွင်း၊ အဝီစိတွင်းစက်တပ် ၇ တွင်း၊ အဝီစိတွင်းတုံကင် (၁၂၈) နှင့် ကိုယ်ပိုင်ရေကန် ၁၂ ခုရှိသော်လည်း ရေအရည်အသွေးကောင်း/မကောင်း မသိကြပါ။ ထို့ကြောင့် သောက်ရေအရည်အသွေးစစ်ဆေးရန်လိုအပ်သည်။ အချို့သောက်ရေတွင်းများမှာ မိုးနှင့်ဆောင်းသာ ရေလုံလောက်မှုရှိပြီး နွေရာသီတွင် လုံလောက်မှုမရှိပါ။ ထို့ကြောင့် ၁၀ မိုင်ကျော်ကွာဝေးသော နေရာမှ စိမ့်စမ်းရေ သွယ်ယူရန် လိုအပ်တင်ပြကြသည်။

ကျေးရွာတွင် မူလွန်ကျောင်းအဆင့်ထိရှိပြီး မူလတန်းနှင့် အလယ်တန်းကျောင်းသားဦးရေမှာ ၂၁၈ ဦးရှိသည်။ ကျောင်းဆောင် ၃ခုပေါင်းအကျယ်အဝန်းမှာ ၅၆၄၀ စတု ရန်းပေ ရှိသောကြောင့် စာသင်ကျောင်းဆောင် အကျယ်အဝန်းလုံလောက်မှုရှိသော်လည်း မူကြိုကျောင်း ရှိသောကြောင့် အဆောက်အဦး လုံလောက်မှုမရှိပါ။

ဖာကေကျေးရွာနှင့် ကျေးရွာအုပ်စုအတွင်းတွင် ကျေးလက်ဆေးခန်းမရှိဘဲ အနီးဆုံး ဒေါ့ဖုန်းယန်ကျေးရွာတွင် ရှိပြီး ၁-၃ မိုင်ခန့် အကွာအဝေး တွင်ရှိသည်။ အချိန်မတော် အရေးပေါ်ကိစ္စဖြစ်ပါက ကျေးရွာတွင် ကျွမ်းကျင်သူမရှိ။ တိုက်နယ ်ဆေးရုံမရှိ၊ မြို့နယ်ဆေးရုံမှာ မိုးမောက်/ဗန်းမော်မြို့တွင်တည်ရှိပြီး ၄၀ မိုင်ကျော် ကွာဝေးသည်။ လမ်းကောင်းသော်လည်း အရေးပေါ်သွားလာ ရန် ယဉ်မရှိသောကြောင့် အရေးပေါ်ကိစ္စများအတွက် များစွာအခက်အခဲရှိသည်။ ထို့ကြောင့် အရေး ပေါ်ယဉ်၊ အရံသားဖွါး သင်တန်း၊ ရှေးဦးသူနာပြု သင်တန်းများလိုအပ်သည်။

ဖာကေကျေးရွာတွင် ၂၁၈ အိမ်ရှိသည့်အနက် ရေ လောင်း/ယင်လုံ အိမ်သာသုံးစွဲသူ ၁၉၈ အိမ်၊ တွင်းအိမ်သာသုံးစွဲသူ ၈ အိမ်နှင့် အိမ်သာမရှိသူ ၂ အိမ်ရှိ သဖြင့် ကျေးရွာ အနေဖြင့် ယင်လုံအိမ်သာသုံးစွဲနိုင်မှု ၉၅.၄% သုံးစွဲနိုင်သည်ကို ကြည့်ခြင်းအားဖြင့် ယင်လုံအိမ်သာသုံးစွဲနိုင်မှုရှိသည်ကို တွေ့ရနိုင်သည်။ ကျန်အိမ်များမှာလည်း အခြားဘေးအိမ်ရှိ အိမ်သာများကို ပေါင်း စပ်အသုံးပြုနေကြခြင်းဖြစ်သည်။

ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများနှင့် ကျောက်ချောလမ်းများ ဖြစ်ပြီး ပျက်စီးမှုများရှိ သဖြင့် ပြုပြင်ရန်လိုအပ်သည်။ ကျေးရွာချဉ်းကပ်လမ်းမှာ ကတ္တရာ လမ်းဖြစ်ပြီး ညံ့သည်။ အရှည် ၁-၅ မိုင်ကျော်ခန့် ရှည်လျားသည်။ ရွာချင်းဆက်လမ်းမှာလည်း ကျောက်ချောလမ်းနှင့် ကတ္တရာလမ်းဖြစ်ပြီး ညံ့သည်။ လမ်းသက်တမ်းမှာ ၅ နှစ်အထက်ကြာမြင့်ပြီးဖြစ်ပြီး ၁-၅ မိုင်ခန့် ရှည်လျားသည်။ ပြုပြင်ရန်လို အပ်သည်။ ကျေးရွာ၏ အခက်အခဲမှာ ကုန်ထုတ်လမ်းမရှိသောကြောင့် စိုက်ပျိုးထုတ်ကုန်များ စိုက်ကွင်းမှ သယ်ယူရာတွင် များစွာအခက ်အခဲရှိသည်။ လမ်းဖေါက်လုပ်မည့် နေရာကိုလည်း မြေပိုင်ရှင်များနှင့် ဆွေးနွေးညှိနှိုင်းသဘောတူပြီးဖြစ်သောကြောင့် ကုန်ထုတ်လမ်းဖေါက် လုပ်ပေးရန် အထူးလိုအပ်နေပါသည်။

ဖာကေကျေးရွာတွင် အလျား ၈’ အနံ ၆’ အမြင့် ၅’အရွယ်ရှိ ကွန်ဂရစ်တံတား ၅ စင်းရှိသည်။ လွန်ခဲ့သော ၂- ၅ နှစ်ကျော်က တည်ဆောက်ခဲ့ကြသည်။ လက်ရှိအ ခြေအနေမှာ အသင့်အတင့် ကောင်းမွန်သည်။ နမ့်ဝိုင်ချောင်း ကြိုးတံတားမှာ အလျား ၁၈၀ ပေ၊ အနံ ၈ ပေနှင့် အမြင့် ၂၀ ပေရှိသည်။ လွန်ခဲ့သော ၅ နှစ်ကျော်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအခြေ အနေမှာ ညံ့ဖြစ်သည်။ ထိုကြိုးတံတားမှာ လယ်ကွင်းသို့သွားရာတွင် မရှိမဖြစ်လိုအပ်သည့် ကုန်ထုတ်လမ်းပေါ်တွင် တည်ရှိသည်။ ထို့ကြောင့် နမ့်ဝိုင်ချောင်းကြိုးတံတားတည်ဆောက်/ပြုပြင် ရန်လိုအပ်သည်။

Scanned by CamScanner

(၉) ကျား – မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများက ဦး ဆောင်လေ့ရှိသည်။ ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာပါဝင်မှု ခေါင်း ဆောင်မှု မရှိသေးပါ။ လူထုမှ ရွေးချယ်တင်မြှောက်ကြသော်လည်း အမျိုးသမီးများ မိမိကိုယ်မိမိ ယုံ ကြည်မှုအားနည်းနေသေးသောကြောင့် တာဝန်ယူနိုင်ခြင်းမရှိသေးပါ။ ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်း များ တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသော်လည်း လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းက လေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများနှင့် လွန်ခဲ့သောနှစ် အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိကြသော်လည်း အိမ်တွင်းအကြမ်းဖက်မှု (အရက်မူးလာပါက ဇနီးနှင့် သားသမီး များကို ရိုက်နှက်ခြင်း၊ ဆဲဆိုခြင်း၊ အနိုင်ကျင့်ခြင်း များရှိသည်။ ထို့ကြောင့် အမျိုးသမီးများစွမ်းဆောင် ရည်မြှင့်တင်ရေးသင်တန်းများ၊ အိမ်တွင်း အကြမ်းဖက်မှု ကာကွယ်တားဆီးရေးသင်တန်းနှင် ဥပဒေများ ကို အမြင့်ဖွင့် သင်ကြားခြင်းများ လိုအပ်သည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ထုတ်ကုန်လုပ်ငန်းနှင့် ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း များ တွင် အမျိုးသားနှင့် အမျိုးသမီးလုပ် အားခတန်းတူရကြပြီး ကျွမ်းကျင်မှုကို အခြေခံသော ဆောက်လုပ် ရေးလုပ်ငန်းတွင် အမျိုးသားနှင့် အမျိုးသမီး လုပ်အားခ တန်းတူမရကြပါ။ ၄င်းလုပ်ငန်းများအနက် ဆောက်လုပ်ရေးလုပ်ငန်းသည် လုပ်အားခ ဝင်ငွေ အများဆုံးဖြစ်ပြီး အမျိုးသား တစ်ရက်လုပ်အားခ ၇၀၀၀ ကျပ်အထိနှင့် အမျိုးသမီးများ တစ်ရက် လုပ်အားခ ၆၀၀၀ ကျပ်အထိရကြသည်။ ကျေးရွာတွင် ကျား/မ လုပ်အားခ သိသာစွာ ခွဲခြားမှုမရှိဘဲ တန်း တူ ရသည်ဟု ဆိုနိုင်ပါသည်။

Scanned by CamScanner

## ဖာကေကျေးရွာနှစ်အလိုက်စီမံချက်လုပ်ငန်းများ

| စဉ် | စီမံချက်လုပ်ငန်းများ | ဦးစားပေး အဆင့် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းကြားပြုပြင်ခြင်း | ၁ | ✓ | | | | |
| ၂ | ရွာတွင်းခန်းမဆောင်တည်ဆောက်ခြင်း | ၁ | | | | ✓ | ✓ |
| ၃ | ရွာတွင်းဆေးခန်းတည်ဆောက်ခြင်း | ၂ | ✓ | | | | |
| ၄ | ရိုးရာတီးဝိုင်း/ ခေတ်ပေါ်တီးဝိုင်းထူထောင်ခြင်း | ၂ | | | ✓ | | |
| ၅ | ကွန်ပျူတာသင်တန်း | ၂ | ✓ | ✓ | ✓ | ✓ | ✓ |
| ၆ | ယဉ်စည်းကမ်း/လမ်းစည်းကမ်းထိန်းသိမ်းမှုအသိပညာပေး သင်တန်း | ၂ | | ✓ | | | |
| ၇ | မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးအသိပညာပေးသင်တန်း | ၂ | ✓ | ✓ | ✓ | ✓ | ✓ |
| ၈ | လူကုန်ကူး ကာကွယ်တားဆီးရေးအသိပညာပေးသင်တန်း | ၂ | ✓ | | | | |
| ၉ | အားကစားကွင်းဖောက်လုပ်ခြင်း | ၂ | | ✓ | | | |
| | အင်တာနက် အကျိုးရှိရှိ အသုံးပြုနည်းသင်တန်း | ၂ | | ✓ | | | |
| ၁၀ | ကိုယ်ခံပညာသင်တန်း | ၃ | | | ✓ | | |
| ၁၁ | နှစ်စဉ်စာပေဟောပြောပွဲ ကျင်းပခြင်း | ၃ | ✓ | | | | |
| ၁၂ | အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေ | ၄ | ✓ | ✓ | ✓ | ✓ | ✓ |
| ၁၃ | စိမ့်စမ်းရေသွယ်ခြင်း | ၅ | ✓ | ✓ | ✓ | ✓ | |
| ၁၄ | သောက်ရေအရည်အသွေးစစ်ဆေးခြင်း | ၅ | ✓ | ✓ | | | ✓ |
| ၁၅ | ကျန်းမာရေးအသိပညာပေးသင်တန်း | ၆ | ✓ | ✓ | | | ✓ |
| ၁၆ | အရံသားဖွါးသင်တန်း | ၆ | ✓ | ✓ | | | |
| ၁၇ | တိုင်းရင်းဆေးသင်တန်း | ၆ | | | | ✓ | |
| ၁၈ | တိမ္မွေးကုမွမ်းမံသင်တန်း | ၇ | | | | | ✓ |
| ၁၉ | တိရိစ္ဆာန်မျိုးကောင်းမျိုးသန့်ရရှိရေး | ၇ | | | | | ✓ |
| ၂၀ | ဘက်စုံပိုးမွှားကာကွယ်နှိမ်နှင်းမှု သင်တန်း | ၈ | | | | | ✓ |
| ၂၁ | သဘာဝမြေဩဇာပြုလုပ်နည်းသင်တန်း | ၈ | | | | | ✓ |
| ၂၂ | သီးလှည့်စနစ်စိုက်ပျိုးနည်းသင်တန်း | ၈ | | | | | ✓ |
| ၂၃ | မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းသင်တန်း | ၈ | | | | | ✓ |
| ၂၄ | စပါးမျိုးကောင်းမျိုးသန့် ရရှိရေး | ၉ | ✓ | ✓ | ✓ | ✓ | ✓ |
| ၂၅ | လယ်ယာသုံးစက်ကရိယာအရစ်ကျရောင်းချခြင်း | ၉ | | | ✓ | ✓ | |
| ၂၆ | ကျောင်းသုံးပရိဘောဂ | ၁၀ | ✓ | ✓ | | | ✓ |
| ၂၇ | အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း | ၁၁ | | | ✓ | ✓ | |
| ၂၈ | စာရင်းနှင့် မှတ်တမ်းရေးသွင်းနည်းသင်တန်း | ၁၁ | ✓ | ✓ | | | |
| ၂၉ | အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုသင်တန်း | ၁၁ | ✓ | ✓ | ✓ | ✓ | ✓ |

Scanned by CamScanner

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃၀ | လေ့လာရေးခရီး | ၁၁ | ✓ | ✓ | | | |
| ၃၁ | စက်ချုပ်သင်တန်း | ၁၂ | ✓ | | ✓ | | |
| ၃၂ | အလှပြင်သင်တန်း | ၁၂ | ✓ | ✓ | | | |
| ၃၃ | မှုန့်မျိုးစုံပြုလုပ်နည်းသင်တန်း | ၁၂ | | | ✓ | ✓ | |
| ၃၄ | ယို/ဝိုင် ပြုလုပ်နည်းသင်တန်း | ၁၂ | | | | | ✓ |
| ၃၅ | တယ်လီဖုန်းပြုပြင်နည်းသင်တန်း | ၁၂ | | | | | ✓ |
| ၃၆ | လျှပ်စစ်ပြုပြင်သင်တန်း | ၁၂ | ✓ | ✓ | | | |
| ၃၇ | ငြိမ်းချမ်းရေးတည်ဆောက်ရန် | ၁၂ | ✓ | ✓ | | | |
| ၃၈ | အများပြည်သူသုံးဘတ်ကားလိုင်း/ကူးတို့ယာဉ် ပြေးဆွဲပေးရန် | ၁၃ | | | | | ✓ |
| ၃၉ | တိုင်းရင်းသားစာပေများကိုကျောင်းသင်ရိုးညွှန်းတမ်းများတွင်ထည့်သွင်းသင်ကြားပေးရေး | ၁၃ | ✓ | ✓ | | | |
| | ဖုန်းဘေဖြတ်တောက်မှုပြန်လည်စစ်ဆေးရန် | ၁၃ | ✓ | ✓ | | | |
| ၄၀ | လူထုအခြေပြုမူးယစ်ဆေးကာကွယ်တားဆီးရေးအဖွဲ့အားတရားဝင်ဖွဲ့စည်းခွင့်ပေးရန် | ၁၃ | ✓ | ✓ | | | |
| ၄၁ | မီးသတ်ရေကန်ဆောက်လုပ်ခြင်းနှင့်လက်ဆွဲမီးသတ်စက် | ၁၄ | | ✓ | ✓ | | |

နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာ ဇယား (ဖာကေကျေးရွာ၊ ဖာကေအုပ်စု၊ မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ်)

| ပြဿနာ | ပြဿနာဖြစ်ရသည့်အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
| --- | --- | --- | --- | --- | --- |
| **၁။ အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှု** | | | | | |
| ကျေးရွာရှိအဖွဲ့အစည်းများ စွမ်းဆောင်ရည်အားနည်းသည်။ (သံသယကင်းအမြင်ရှင်း၍ ထိရောက်သည့် အစုအဖွဲ့ဖြင့် ဆောင်ရွက် တတ်မှုအားနည်းသည်။) | ခေါင်းဆောင်တစ်ဦးတည်းကသာ ဆုံးဖြတ် ချက်ချမှတ်ပြီး ကျန် ရွာသူ/သားများကလိုက်လုပ်နေရခြင်း။ အဖွဲ့အစည်းဆိုင်ရာအခြေခံသဘောတရားနှင့် ဆိုင်သော ဗဟုသုတ အားနည်းခြင်း (ရပ်ရေး၊ ရွာရေးကိစ္စ များကို အရေးပေါ်လာ မှသာ၊ သင့်သလို လုပ်လေ့ရှိကြပြီး၊ ရေရှည်အတွက် ကြိုတင်မျှော်မှန်း ပြင်ဆင့်သည့်အလေ့အထ မရှိခြင်း။) | ကျေးရွာတွင်ကျေးရွာ၏ဖွံ့ဖြိုးရေးကို သီးခြားစီးတာဝန်ခွဲလုပ်ကိုင်နေကြသောအဖွဲ့အစည်းများစွာ ရှိသည်။ (ကျေးရွာဘက်စုံဖွံ့ဖြိုးရေးနှင့် အဖွဲ့အစည်းစနစ် ဖွံ့ဖြိုးရေးအတွက် အကူအညီများ ရရှိနိုင်မည့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ မိုးမောက်မြို့နယ်အတွင်း ရှိခြင်း ဥပမာ-မေတ္တာဖောင်ဒေးရှင်း၊ ဝေါကွန်ဆန်း၊ ကေအမ်အက်အက်စ်ကျေးလက် ဦးစီးစသည်... | လူတိုင်းမွေးရာပါလူ့စွမ်းရည်ရှိကြောင်း သတိမပြုမိ ကြ ခြင်း။ လူ့စွမ်းရည်မြင့်စေသည့် အခွင့်အလမ်းများမရှိခြင်း။ | ကျေးရွာအဖွဲ့အစည်းများစွမ်းရည်မြှင့်တင်ပြီး စုပေါင်းဆုံးဖြတ် ချက်ချမှတ်မှု၊ သတင်းအချက်အလက်ဖြန့်ဝေမှု၊ ပေါင်းစပ် ညှိနှိုင်းမှုစနစ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း။ (အဖွဲ့အစည်းစွမ်းဆောင်ရည်တိုးတက်ရေးဆောင်ရွက် ခြင်း။ ဥပမာ- ထိရောက်သည့်အစည်းအဝေးကျင်းပနည်း။ အမြင်ရှင်းစေသည့် သတင်းထုတ်ပြန်နည်းများ။ မှတ်တမ်းမှတ်ရာ ထိန်းသိမ်းခြင်းစသည်... | ကျေးရွာစဉ်ဆက်မ ပြတ် ဖွံ့ဖြိုးရေးအ တွက် အဖွဲ့အစည်း ဆိုင်ရာ စီမံခန့်ခွဲမှု ဖွံ့ဖြိုးရေးသင်တန်းများ ၁။ အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း ၂။အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုသင်တန်း ၃။စာရင်းနှင့်မှတ်တမ်းရေးသွင်းမှု သင်တန်း ၄။ လေ့လာရေးခရီး |
| **၂။ ကဏ္ဍ - ပညာရေးဖွံ့ဖြိုးမှု စီမံကိန်း** | | | | | |
| ကျေးရွာတွင် ၅ နှစ်အောက်ကလေးငယ်များအတွက် တက်ရောက်ရန်မူကြိုကျောင်းမရှိ။ မိခင် များ မိသားစုအလုပ် ကို ကောင်းစွာလုပ်ကိုင် | မူကြိုကျောင်းဖွင့်ရန် အသိပညာနည်းပါးသည်။ အဆောက် အဦးမရှိ။ | ကျေးရွာတွင် ၅ နှစ်အောက် ကလေးငယ် (၆၅) ဦးရှိပြီး များသည်။ ထိန်းကျောင်းသင်ကြားရန် အရည်အချင်းမီသူများ ရှိသည်။ | ငွေကြေးမတတ်နိုင်ကြပါ။ ထိန်းကျောင်းသင်ကြားနည်း မသိ။ လေ့ကျင့်ရန်အဆက်အသွယ်မရှိ။ | ကော်မတီဖွဲ့စည်း၍ ပညာရေးဌာနနှင့် ဒေသတွင်းရှိကလေးသူငယ်နှင့် ပညာရေးဖွံ့ဖြိုး ရေး အဖွဲ့များသို့ အခက်အခဲများ တင်ပြခြင်း။ | ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း မူကြိုကျောင်း ဖွင့်လှစ်ခြင်း |

| | | | | | |
|---|---|---|---|---|---|
| နိုင်ခြင်းမရှိ။ ကလေးငယ်များအားလုံခြုံစိတ် ချရသောနေရာမရှိကြပါ။ | | | | | |
| ကျောင်းသုံးပ ရိဘောဂ လုံ လောက်မှုမရှိ။ | ကျောင်းသားအရေအတွက် တိုးလာခြင်းနှင့် ပရိ ဘောဂအ ရှိုဟောင်းနွမ်း ပျက်စီးခြင်း။မိဘဆရာအသင်း ပညာရေးရံပုံငွေနည်းသည်/မရှိ။ | ဆောက်လုပ်ရေးပစ္စည်းများဒေသအတွင်းအလွယ် တကူဝယ် ယူရရှိနိုင်သည်။ ကျွမ်းကျင်သော လက်သ မား၊ ပန်းရံရှိသည်။ | ငွေကြေး မတတ်နိုင်ကြပါ။ | မိဘဆရာအသင်းမှ ကျေးရွာအတွင်း အလှူငွေ ကောက်ခံခြင်း။ ပညာရေးဌာနသို့ အခက်အ ခဲများ တင်ပြခြင်း။ အခြားပညာရေးဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက် အကူအညီ တောင်းခံခြင်း | ကျောင်းသုံးပရိဘောဂ |
| ကျောင်းယင်လုံအိမ် သာလုံလောက်မှုမရှိ။ မိဘဆရာအသင်း ပညာရေးရံပုံငွေ နည်း/မရှိ။ | ရှာသူ/သားများ ဆင်းရဲ သောကြောင့် တိုးချဲ့ ဆောက်လုပ်နိုင် ခြင်းမရှိ။ ဆရာ/ဆရာမ၊ ကျောင်းသူ/သား သီးသန့်အိမ်သာမရှိ။ ရောသုံးနေကြရသည်။ | ဒေသအတွင်းဆောက်လုပ် ရေး ကုန်ကြမ်းဖြစ်သော သဲ၊ ကျောက်နှင့် ဆောက် လုပ်ရေးပစ္စည်းများ ဝယ် ယူရရှိနိုင်သည်။ ကျွမ်းကျင်သော လက်သမား ပန်းရံများ ရှိသည်။ | ငွေကြေးအရင်းအနှီးမတတ်နိုင်ကြပါ။ | ပညာရေးဌာနနှင့် အခြားဒေသတွင်းရှိ ပညာရေးဖွံ့ဖြိုးရေး ကူညီဆောင်ရွက်သော အဖွဲ့အစည်းများသို့ အခက်အခဲ များ တင်ပြခြင်း။ | ကျောင်းယင်လုံအိမ် သာဆောက်လုပ်ခြင်း |
| ကျောင်းသားများအား ကစားတိုးတက်မှုအားနည်း သည်။ | ကျောင်းအားကစားကွင်းရှိသော်လည်းအားကစားပစ္စည်းမရှိ။ | အားကစား ပစ္စည်းများ ဒေသအတွင်း ဝယ်ယူရရှိ နိုင်သည်။ | ငွေကြေးအရင်းအနှီး၊ ပညာရေးရံပုံငွေမရှိ။ | ပညာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျောင်းအားကစားပစ္စည်း |
| ကျောင်းသောက်ရေသန့်ရှင်းမှုမရှိ။အားနည်းသည်။ | အဝီစိတွင်းရေကို တိုက်ရိုက်သောက်သုံးနေကြရသည်။ | ကျောင်းသောက်ရေအဝီစိတွင်းရှိသည်။ | မိဘဆရာအသင်းပညာရေးရံပုံငွေနည်း/မရှိ။ | မိဘဆရာအသင်းမှဦးဆောင်၍ ပညာရေးရံပုံငွေကောက်ခံခြင်း၊ ပြင်ပအကူအညီရရှိအောင်ဆောင်ရွက်ခြင်း | ကျောင်းသောက်ရေသန့်ရရှိရေးရေသန့်စင်ပုံး/စက်တပ်ဆင်ခြင်း |
| ၃။ ကဏ္ဍ- ကျန်းမာရေးဖွံ့ဖြိုးမှု စီမံကိန်း | | | | | |
| လူနာများအ ရေး ပေါ်သွား လာရာတွင် အ ခက်အခဲ ရှိ သည်။ | အရေးပေါ်သွားလာရန် ယဉ်မရှိ။ ဗန်းမော်ဆေးရုံသို့ သွားကြရပြီး မိုင် ၄၀ ကျော်ဝေးသည်။ | အရေးပေါ်ယဉ် ဒေသအတွင်းဝယ်ယူရရှိ နိုင်သည်။ | ငွေကြေးအရင်းအနှီးမရှိ။ | ကျေးလက်ဦးစီးဌာန၊ ကျန်း မာရေးဌာနတို့နှင့် ဆက် သွယ်အကူအညီ ရယူခြင်း။ | ၁။အရေးပေါ်လူနာ တင်ယဉ်ထူထောင် ခြင်း |
| သာမာန်အ ဖျားအနာအ ဖြစ်များသည်။ | ကျန်းမာရေးဗဟုသုတ နည်းသည်။ | ဒေသအတွင်း ကျန်းမာရေးဌာနနှင့် ကျန်းမာရေးနှင့် ဆိုင်သော | ဖွံ့ဖြိုးရေးအဖွဲ့များနှင့်ချိတ်ဆက်မှုအားနည်းနေသေး သည်။ | ကျေးလက်နှင့်ကျန်းမာရေးဌာနများမှတဆင့် ဒေသအတွင်းရှိ ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက် | ကျန်းမာရေးအသိ ပညာပေးသင်တန်း (ငှက်ဖျား၊ ဝမ်းပျက်ဝမ်းလျှော၊ တီဘီ |

Scanned by CamScanner

| | | | | | |
|---|---|---|---|---|---|
| | | ပညာပေးသည့် ဖွံ့ဖြိုးအဖွဲ့ များရှိသည် | | ခြင်းနှင့်အကူအညီတောင်းခံခြင်း။ | စသည်) |
| ကျေးရွာတွင် ဆီးချို၊ သွေးတိုးရောဂါများ အဖြစ်များပြီးဆေးဝါး ကုသစရိတ်များသည်။ | ဓါတုဆေးဝါးမကင်းသော အသားငါး၊ အသီးအရွက်များကို နေ့စဉ်မလွှဲမရှောင်သာ စားသုံးနေကြရပြီး ကျန်းမာရေး လေ့ကျင်းခန်းသုံးပစ္စည်းများ မရှိသောကြောင့် လေ့ကျင့် ခန်းမပြုလုပ်နိုင်ခြင်းကြောင့်ဖြစ်သည်။ | ကျန်းမာရေးအသိပညာပေး ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ဒေသအတွင်းရှိသည်။<br>ကျန်းမာရေးလေ့ကျင့်ခန်းသုံး ပစ္စည်းများကိုလည်း အလွယ်တကူဝယ်ယူရရှိနိုင်သည်။ | ကျန်းမာရေးဗဟုသုတနည်းသည်။<br>လေ့ကျင်းခန်းသုံးပစ္စည်းဝယ်ယူရန်<br>အရင်းအနှီးမတတ်နိုင်ကြပါ။ | ဒေသအတွင်းရှိကျန်းမာရေးအသိပညာပေး ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျန်းမာရေးအသိပညာပေး ဟောပြောခြင်း။<br>ကျန်းမာရေးလေ့ကျင့်ခန်း သုံးပစ္စည်းများ |
| ကျေးရွာတွင် ကျန်းမာရေး စောင့်ရှောက်မှု နှင့်ဝန်ဆောင်မှု လုံလောက် စွာ ရရှိနိုင်ခြင်း မရှိ။ | ကျေးရွာအုပ်စု ၅ ရွာလုံးတွင် ကျေးလက်ဆေးခန်းမရှိ၊ ကျွမ်းကျင်သူများလည်း မရှိကြပါ။ | ကျေးရွာအုပ်စုအတွင်း ဆေးခန်း ချထားပေးရန် လစ်လပ်လျက်ရှိသည်။<br>သင်တန်းတက်ရောက်ရန်အရည်အချင်း ပြည့်မီသူ အမျိုးသမီးများရှိသည်။ သင်တန်း တက်ရောက် ရန်စိတ်ဝင်စားမှုရှိသည်။<br>ပြည်သူကျန်းမာရေးဦးစီးဌာန နှင့် ဒေသတွင်း ဖွံ့ဖြိုးရေးဆောင်ရွက်သော အဖွဲ့အစည်းများရှိသည်။ | အစိုးရ အသိအမှတ်ပြု ဆေးခန်း ချထားပေးခြင်းမရှိ။<br>အသင်တန်းတက်ရောက်ရန် အဆက်အသွယ်မရှိ။ ကုန်ကျစရိတ် မတတ် နိုင်ကြပါ။ | ကျေးလက်ဦးစီးဌာနမှတ ဆင့် ကျန်းမာရေးဦးစီးဌာန သို့တင်ပြခြင်း။ | အရံသားဖွါးသင်တန်း |
| ကျေးရွာတွင်ဆေးဖက်ဝင် အပင်များစွာ ရှိသော်လည်း အကျိုးရှိစွာအ သုံးပြုနိုင်ခြင်း မ ရှိ။ | တိုင်းရင်းဆေးဗဟုသုတနည်းသည်။ | ကျေးရွာတွင်ဆေးဖက်ဝင်အပင်များ၊ ဆေးဖက်ဝင်တောရိုင်း တိ ရစ္ဆာန်များစွာရှိသည်။ | သင်တန်းတက်ရောက် ရန် အဆက်အသွယ်မရှိ။<br>ကုန်ကျစရိတ် မတတ် နိုင်ကြပါ။ | ကျေးလက်ဦးစီးဌာနမှတ ဆင့် ကျန်းမာရေးဦးစီးဌာနသို့တင်ပြခြင်း။ | တိုင်းရင်းဆေးသင်တန်း |
| ကျေးရွာတွင် အရေးပေါ်ထိခိုက်ဒဏ်ရာများ အချိန်မီ ပြုစုနိုင်ခြင်းမရှိသော ကြောင့် | ရှေးဦးသူနာ ပြုစုနည်း မသိကြပါ။ | ဒေသအတွင်း ကြက်ခြေနီ နှင့် ရှေးဦးသူနာပြုသင် တန်းများ ရှိသည်။ | ငွေကြေးမတတ်နိုင်။<br>အချိတ်အဆက်မရှိ။ | ကျေးလက်ဦးစီးဌာနမှတ ဆင့် ကျန်းမာရေးဦးစီးဌာနသို့တင်ပြခြင်း။ | ရှေးဦးသူနာပြုသင်တန်း |

Scanned by CamScanner

| | | | | | |
|---|---|---|---|---|---|
| အသက်ဆုံးရှုံးရခြင်းမျာ ရှိသည်။ | | | | | |
| အိပ်ချ်အိုင်ဗီ ကူးစက်ခံရ ဘွယ်အန္တရာယ် ရှိသည်။ | လူငယ်အချို့မူးယစ်ဆေး သုံးစွဲမှု ရှိသည်။ အပျော်အပါးလိုက်စားမှု ရှိသည်။ | ကွန်ဒုံးအသုံးပြုနည်း ဗဟုသုတရှိသည်။ | ငွေကြေးမတတ်နိုင်။ အချိတ်အဆက်မရှိ။ | ကျန်းမာရေးဌာနနှင့် ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | အိပ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် အသိပညာပေးသင်တန်း |
| **၄။ ကဏ္ဍ- သန့်ရှင်းသော သောက်သုံးရေ ရရှိရေးဖွံ့ဖြိုးမှု စီမံကိန်း** | | | | | |
| ကျေးရွာတွင် သောက်သုံးရေ လုံလောက်မှုမရှိ။ | လက်ရှိသောက်ရေတွင်း၊ အဝီစိတွင်းများမှာ နွေရာသီ တွင်ရေခမ်းခြောက်မှုရှိသည်။ | ရွာနှင့် အနီးတွင် (၁၀) မိုင်ခန့် အကွာ တောင်မှ စိမ့်စမ်းရေထွက်ရှိပြီး တစ်နှစ်ပါတ်လုံးရေရရှိနိုင်သည်။ သာမန်မျက်စီအမြင်အရ သန့်ရှင်းမှုရှိသည်။ | ငွေကြေးနှင့် နည်းပညာမတတ်နိုင်ကြပါ။ | ကျေးလက်ဦးစီးဌာနသို့ တင်ပြအကူအညီတောင်းခံခြင်း | စိမ့်စမ်းရေ သောက်ရေသန့် သွယ်ယူခြင်း |
| **၅။ ကဏ္ဍ- လမ်းတံတားနှင့် အခြေခံ အဆောက်အဦဖွံ့ဖြိုးမှု စီမံကိန်း** | | | | | |
| ရွာတွင်းလမ်းများမိုးရာသီတွင်သွားလာ ရ ခက်ခဲသည်။ | ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ် နေသောကြောင့် ပျက် စီးနေပြီးမိုးရာသီ တွင် သွားလာရ ခက်ခဲ သည်။ | လမ်းပြင်ရန်သဲနှင့် ကျောက် ကို ဒေသအတွင်း အလွယ် တကူ အလုံ လောက် ရရှိနိုင် သည်။ | ရွာတွင်းလမ်းပြုပြင်ရန် ငွေကြေး မတတ် နိုင်ကြ ပါ ။ | ကျေးလက်ဦးစီးဌာနသို့ တင်ပြအကူအညီတောင်း ခံခြင်း | ရွာတွင်းလမ်းပြုပြင်ခြင်း/အဆင့်မြှင့်တင် ခြင်း |
| စိုက်ပျိုးထုတ်ကုန်များ သယ်ယူရာတွင် လုပ်အားနှင့် ကုန်ကျမှုစရိတ်များသည်။ | စိုက်ခင်းနှင့် ရွာအကြား ကုန်ထုတ်လမ်းမရှိသောကြောင့် ဖြစ်သည်။ | ကုန်ထုတ်လမ်းဖေါက်ရန် မြေပိုင်ရှင်များနှင့် ဆွေးနွေးညှိနှိုင်းသဘော တူထားပြီးဖြစ်သည်။ | ကုန်ကျစရိတ်နှင့် လမ်းညှိရန် စက်အားမတတ်နိုင်ကြပါ။ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတဆင့် ကျေးလက်လမ်းဦးစီးသို့တင်ပြအကူအညီတောင်းခံခြင်း။ | ကုန်ထုတ်လမ်းဖေါက်လုပ်ခြင်း |
| လက်ရှိကုန်ပစ္စည်းသယ်ယူရာတွင်လည်း များစွာအခက်အခဲရှိသည်။ | လက်ရှိ ၁၈၀ ပေ၊ အနံ ၈ ပေ၊ အမြင့် ၂၀ ပေရှိကြိုးတံတားမှာ ဟောင်းနွမ်းပျက်စီးနေသဖြင့် လူများဖြတ်သန်းသွားလာရန် အခက်အခဲရှိသည်။ | လက်ရှိကြိုးတံတားမှာ သက်တန်း ၅ နှစ်ကျော်ကြာပြီး အခင်းများပျက်စီနေသည်။ | ကုန်ကျစရိတ်ငွေကြေးမတတ်နိုင်ပါ။ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတဆင့် ကျေးလက်လမ်းဦးစီးသို့တင်ပြအကူအညီတောင်းခံခြင်း။ | ကြိုးတံတား ပြန်လည်အသစ်တည်ဆောက်ခြင်း |
| လူငယ်များ စုဝေးရန်/အစည်းအဝေးကျင်းပရန် နေရာအခက်အခဲ ရှိသည်။ | လူထုအစည်းအဝေးခမ်းမ နေရာ/အဆောက်အဦသီးသန့်မရှိ ။ | လူထုအစည်းအဝေး/လူငယ်အစည်းအဝေးများ မကြာခဏ မဖြစ်မနေကျင်းပကြရသည်။ | ကျေးရွာရံပုံငွေမရှိ။ ငွေကြေးမတတ်နိုင်ကြပါ။ | ကျေးလက်ဦးစီးဌာနသို့ တင်ပြအကူအညီတောင်းခံခြင်း | ကျေးရွာလူထုအစည်းအဝေးခမ်းမ ဆောက်လုပ်ခြင်း |

| | | | | | |
|---|---|---|---|---|---|
| ၆။ ကဏ္ဍ-လျှပ်စစ်မီးလင်းရေး ဖွံ့ဖြိုးမှုစီမံကိန်း | | | | | |
| ဆင်းရဲသော ၁၄၂ အိမ်လျှပ်စစ်မီးအသုံးပြုနိုင်ခြင်းမရှိသေးပါ။ | ၂၁၈ အိမ်အနက် ၇၆ အိမ်သာ မဟာ ဓါတ်အားလိုင်းမှ လျှပ်စစ်မီး တပ်ဆင်အသုံးပြုနိုင်ပြီး ကျန်ဆင်းရဲသောမိသားစုများ မီတာတပ် ဆင်နိုင်ခြင်းမရှိ။ မီးကြိုးတပ် ဆင်နိုင်ခြင်းမရှိ။ | ကျေးရွာတွင် လျှပ်စစ်မီး ရောက်ရှိတပ်ဆင်ပြီးဖြစ်သည်။ | ဆင်းရဲဆုံးမိသားစုများ ငွေကြေးမတတ်နိုင်ကြပါ။ | မီးလင်းရေးကော်မတီမှ ဦးဆောင်၍ မြို့နယ်/ပြည်နယ်အတွင်း လျှပ်စစ်ပစ္စည်း အရစ်ကျရောင်းချ/တပ်ဆင်သော အဖွဲ့အစည်း/ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | ကျန်မီးသွယ်တန်းရန် မတတ်နိုင်သော ၁၄၂ အိမ်ကို ဆင်းရဲသားမီးလင်းရေး အရစ်ကျစနစ်ဖြင့် ဆောင်ရွက်ပေးရန် |
| ၇။ ကဏ္ဍ-စိုက်ပျိုးရေ ရရှိရေး ဖွံ့ဖြိုးမှု စီမံကိန်း | | | | | |
| စိုက်ပျိုးသီးနှံများ သွင်းရေလုံလောက်မှုမရှိ/ သွင်းရေမရကြပါ။ | လက်ရှိခါလာချောင်းမှ ရေသွင်း မြောင်းသည် စုစုပေါင်း စိုက်ပျိုးမြေ( ) အနက်လယ်ဧက ၂၃၀ သာ သွင်းရေရရှိပြီး ကျန် လယ်နှင့် တောင်ယာ၊ ဥယာဉ်များမှာ သွင်းရေမရကြပါ။ | လက်ရှိ ခါလာချောင်းသည် တစ်နှစ်ပါတ်လုံး ရေအလုံအလောက်ရှိပြီးရေသွင်း မြောင်း တည်ဆောက်ထားပြီး ဖြစ်သည်။ တောင်ယာများတွင် မြေအောက်ရေရရှိနိုင်သည်။ | ဆည်မြောင်းပျက်စီးနေသောကြောင့် အထက်ပိုင်းရွာများသာ စိုက်ပျိုးရေ ရရှိနိုင်ကြပြီး ဖာကေကျေးရွာရှိ စိုက်ပျိုးမြေများမှာ စိုက်ပျိုးရေ လုံလောက်စွာ မရကြ ပါ ။ အဝီစိစက်တွင်းတူးဖေါ်ရန် အရင်းအနှီးမတတ်နိုင်ကြပါ။ | ဆည်မြောင်းရေအသုံးပြုရေးကော်မတီကို စနစ်တကျ ဖွဲ့စည်းပြီး ဆည်ရေစနစ်တကျခွဲဝေသုံးစွဲရေး စည်းမျဉ်းစည်းကမ်းချမှတ်ခြင်းနှင့် ၄င်းကော်မတီမှဦးဆောင်၍ ဆည်မြောင်းပြုပြင်ခြင်းနှင့် စက်အ ဝီစီတွင်းတူးဖော်ခြင်းတို့ကို ဦးဆောင်ပြုလုပ်ရန်/ တင်ပြရန် | • ဆည်မြောင်းပြုပြင်ခြင်း နှင့်<br>• စက်အဝီစိတွင်းတူးဖေါ်ခြင်း (၄ ပေါက်တွင်းစက်တပ်) |
| ၈။ ကဏ္ဍ-စိုက်ပျိုးရေး (သီးနှံအထွက်တိုး) ဖွံ့ဖြိုးမှုစီမံကိန်း | | | | | |
| သီးနှံအထွက်နှုံးနည်းနှင့်သီး နှံထုတ်လုပ်မှု နည်းသည်။ | မျိုးကောင်း/သန့်မရှိ။ အချိန်မီထွန်ယက်နိုင်ခြင်းမရှိ။ | စိုက်ပျိုးရေးဌာနရှိသည်။ လယ်ယာသုံးစက်ကရိယာ ကုမ္ပဏီနှင့် ပုဂ္ဂလိက ဘဏ်များရှိသည်။ | ငွေကြေး မတတ် နိုင်ကြ ပါ ။ ကုမ္ပဏီများ၊ပုဂ္ဂလိက ဘဏ်များနှင့် ဈေးငွေရရှိရေး ချိတ်ဆက် ဆောင်ရွက်ရာတွင်း စိုက်ပျိုး မြေများ ပုံစံ (၇) ရရှိနိုင်ခြင်းမရှိ။ | ကျေးလက်ဦးစီးဌာနမှတ ဆင့် စိုက်ပျိုးရေးဌာနနှင့် ပုဂ္ဂလိက ကုမ္ပဏီနှင့် ဘဏ် များသို့ တင်ပြ အကူအညီ တောင်းခံခြင်း | ၁။ မျိုးကောင်းမျိုး သန့် ရရှိရေး (စပါး၊ ပြောင်း၊ ဖရဲ)<br>၂။ လယ်ယာသုံးစက် ကရိယာ အရစ်ကျ ရောင်း ချခြင်း |
| နှစ်ရှည်သီးနှံစိုက်ပျိုးနိုင်မှု အားနည်းသည်။ | နှစ်ရှည်သီးနှံမျိုးကောင်း၊ မျိုးသန့်နှင့် ပျိုးပင်ရရှိရန် အခက်အခဲရှိ သည်။ | နှစ်ရှည်သီးနှံစိုက်ပျိုးရန် သင့်တော်သော ရေ၊ မြေ၊ ရာသီဥတု ရှိသည်။ ဈေးကွက်ကောင်းသည်။ | အရင်းအနှီးမ တတ်နိုင်ကြပါ။ နည်းပညာဗဟုသုတလည်းအားနည်းနေ သေးသည်။ | မြန်မာ့စိုက်ပျိုးရေးမှ နည်းပညာနှင့် အကြံဉာဏ် ရယူခြင်း၊ စိုက်ပျိုးစ ရိတ် နှစ်ရှည်ဈေးငွေရရှိရန် ဆောင်ရွက် ခြင်း။ | နှစ်ရှည်ပင်စိုက်ပျိုးခြင်း (ကြက်မောက်၊ စပျစ်၊ ဒညင်း၊ နာနတ်၊ နဂါးမောက် စသည်) |
| ၉။ ကဏ္ဍ- စိုက်ပျိုးရေးနည်းပညာဖွံ့ ဖြိုးမှု စီမံကိန်း | | | | | |
| စိုက်ပျိုးသီးနှံများ ပိုးမွှား ရောဂါကျရောက် | စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးမှု အားနည်း သည်။ | စိုက်ပျိုးရေးနည်းပညာ ပံ့ ပိုးပေးသော ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ | သင်တန်းတက်ရောက်ရန် ကုန်ကျမှု ငွေကြေးမတတ် နိုင် ကြပါ။ | ကျေးလက်ဦးစီးဌာနမှတ ဆင့် စိုက်ပျိုးရေးဌာနနှင့် အခြားဖွံ့ဖြိုး | စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးမှုသင်တန်းများ |

Scanned by CamScanner

| | | | | | |
|---|---|---|---|---|---|
| မှုများပြီး ထိရောက်စွာ ကာကွယ်နိုင်နှင်းနိုင်ခြင်းမရှိ။<br>မြေဆီလွှာများ မြေဆီဩဇာ လျော့နည်းပျက်စီးမှုရှိသည်။ | ပြောင်းဖူးသီနှံကို တစ်နေရာတည်းတွင်နှစ်စဉ်တစ်နှစ်ပါတ်လုံး ၂-၃ ကြိမ် စိုက်ပျိုးနေကြသည်။ | ဒေသအတွင်း ရှိသည်။ | | ရေးအဖွဲ့များသို့ တင်ပြ အကူအညီတောင်း ခံခြင်း | ၁။ဘက်စုံပိုးမွှားကာကွယ်နှိမ်နှင်းမှုသင် တန်း<br>၂။ မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်းသင်တန်း<br>၂။ သဘာဝမြေဆွေးပြုလုပ်နည်းသင်တန်း<br>၃။ သီးလှည့်/သီးရောစနစ် (cropping patterm) (rotate cropping and mix cropping pattern)<br>၄။ ကိုင်းကူးကိုင်းဆက် |
| **၁၀။ ကဏ္ဍ-မွေးမြူရေး ဖွံ့ဖြိုးမှု စီမံကိန်း** | | | | | |
| မွေးမြူထား သော ဝင်ငွေရအိမ်မွေးတိရစ္ဆာန်များနှစ်စဉ်ပျက်စီးဆုံးရှုံးမှု များစွာရှိသည်။ | နှစ်စဉ်ရာသီရောဂါများဆိုးရွာစွာကျရောက်လေ့ရှိ သည်။ | မွေးမြူရေးဦးစီးဌာနရှိ သည်။<br>ဒေသတွင်းဖွံ့ဖြိုးရေးအဖွဲ့အစည်းများရှိသည်။<br>သင်တန်းတက်ရောက်ရန်အရည်အချင်းပြည့်မီသူများရှိသည်။ | ဝန်ဆောင်မှုအားနည်းနေသေးသည်။<br>အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအားနည်းနေသေးသည်။ | ကျေးလက်ဦးစီးဌာနမှတ ဆင့်မွေးမြူရေးဌာနနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများသို့ ချိတ်ဆက်အကူအညီတောင်းခံခြင်း | မွေးမြူရေးကာကွယ်ဆေးထိုးခြင်း<br>တိမွေးကုသင်တန်း |
| **၁၁။ ကဏ္ဍ-ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု ဖွံ့ဖြိုးမှုစီမံကိန်း** | | | | | |
| တောင်သူများနှင့်သင့်တော်သောငွေ ြေး ဝန်ဆောင်မှုမရှိ။ | စိုက်ပျိုးမြေပိုင်ဆိုင်မှု ပုံစံ (၇) မရှိသောကြောင့် စိုက်ဘဏ်ချေးငွေမရကြပါ။<br>မြစိမ်းရောင်ချေးငွေမှာ လုံလောက်မှုမရှိသေးပါ။ | နိုင်ငံတော်မှ နှစ်ရှည်ချေး ငွေများပံ့ပိုးပေးလျက် ရှိ သည်။ | လက်ရှိချေးငွေစနစ်များမှာ တောင် သူများ၏ လိုအပ်ချက်နှင့် ကိုက်ညီမှု အားနည်းနေသေးသည်။ | လွှတ်တော်မှတဆင့်တင်ပြ ခြင်း။ | တောင်သူများနှင့် ကိုက်ညီသော ချေးငွေမူဝါဒများ ချမှတ်ဆောင်ရွက်ခြင်း<br>(သို့မဟုတ်)<br>အတိုးနှုံးသက်သာ သောနှစ်ရှည်ချေးငွေမွေးမြူရေးချေးငွေအသေးစားနှင့်အလတ် စား လုပ်ငန်းများအတွက်ချေးငွေထူထောင်ခြင်း |
| **၁၂။ ကဏ္ဍ- လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း** | | | | | |
| အသက်မွေးဝမ်းပညာကျွမ်းကျင်မှုအားနည်းသည်။ | အသက်မွေးဝမ်းပညာ သင်ကြားနိုင်ခြင်းမရှိ။ | ဒေသအတွင်း ကျွမ်းကျင် သူများရှိသည်။<br>နည်းပညာပံ့ပိုးပေးသောဖွံ့ဖြိုးရေးအဖွဲ့များရှိသည်။ | သင်တန်းတက်ရောက်ရန်ကုန်ကျစရိတ်မတတ်နိုင် ကြပါ။<br>အဖွဲ့များနှင့် ချိတ်ဆက်မှု အားနည်းသည်။ | ကျေးလက်ဦးစီးဌာနမှတ ဆင့်ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ၁။ ကွန်ပျူတာသင် တန်း<br>၂။ အင်္ဂလိပ်စကား ပြောသင်တန်း<br>၃။ အကျိုးရှိသော အင်တာ |

Scanned by CamScanner

| | | | | | |
|---|---|---|---|---|---|
| | | | | | နက်အသုံးပြုနည်းသင်တန်<br>း |
| လူငယ်များ<br>အားကစားတိုးတက်မှု<br>အား နည်းသည်။ | အားကစားကွင်းရှိသော်လည်း<br>အားကစား ပစ္စည်းမ ရှိကြပါ။ | အားကစားပွဲများကို ရုပ်မြင်သံ<br>ကြားမှ ပြသပေးသည်။ ကြည့်ရှု<br>ကြရသည်။<br>ကျန်းမာရေးနှင့်အားကာ<br>ဠာနရှိသည်။<br>အားကစားပစ္စည်းများကို<br>ဒေသအတွင်း ဝယ်ယူရရှိ နိုင်<br>သည်။ | ငွေကြေးမတတ်နိုင်ကြပါ။ | ကျေးလက်ဦးစီးဌာနမှတ ဆင့်<br>ကျန်းမားရေးနှင့် အားကစား<br>ဝန်ကြီးဌာနသို့ တင်ပြခြင်း | အားကစားပစ္စည်းများ<br>ပံ့ပိုးခြင်း |
| ရိုးရာယဉ် ကျေးမှု<br>အမွေအနှစ်များ<br>အားနည်းလားသည်။ | လူငယ်များ ရိုးရာယဉ်ကျေးမှု<br>ထိန်းသိမ်းမှု အားနည်းသည်။ | တန်ဖိုးရှိ ရိုးရာယဉ်ကျေးမှု အမွေ<br>အနှစ်၊ တိုင်းရင်းသား စာပေများ<br>ရှိသည်။ | လူကြီးများမှလည်း လက်ဆင့်<br>ကမ်းအားပေးမှုနည်းသည်။ | လူငယ်အဖွဲ့များစနစ်တကျဖွဲ့စည်း<br>ခြင်း<br>ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး<br>ဆိုင်ရာ အစီအစဉ်များ ရေးဆွဲ<br>အကောင်အထည်ဖေါ်ခြင်း | ရိုးရာတီးဝိုင်းထူထောင်ခြင်း<br>(တူရိယာ + ဝတ်စုံ)<br>ခေတ်ပေါ်တီးဝိုင်းထူထောင်<br>ခြင်းနှင့်<br>ခေတ်ပေါ်တီးဝိုင်းအတီး<br>သင်တန်း |
| လူငယ်များစာဖတ်<br>ခြင်းနှင့်လေ့လာသင်<br>ယူမှုအားနည်းသည်။ | စာကြည့်တိုက်ရှိသော် လည်း<br>စာအုပ်များ<br>ပြည့်စုံမှုမရှိ၊အင်တာနက်အသုံ<br>းပြု သော်လည်း ဖေ့စ်ဘုတ်၊<br>ဗိုက်ဗာတို့ကိုသာအကြည့်များ၊<br>ပြီးအကျိုး ရှိရှိ<br>အသုံးမချတတ်ကြပါ။ | လူငယ်တိုင်းလိုလို အင် တာနက်<br>အသုံးပြုကြ<br>သည်။ဖုန်းလိုင်းဆက်သွယ်ရေး<br>ကောင်းသည်။<br>ကျေးရွာတွင်စာကြည့် တိုက်<br>ရှိသည်။ | လူငယ်များ စာဖတ်နည်း ကြ<br>သည်။<br>အင်တာနက်ကို အကျိုးရှိရှိ အ<br>သုံးမချတတ်ကြပါ။ | လေ့လာသင်ယူနိုင်မည့်အစီအစဉ်<br>များ ထားရှိခြင်း | နှစ်စဉ်စာပေဟောပြောပွဲ<br>ကျင်းပခြင်း<br>ခေတ်မီစာကြည့်တိုက်ထူ<br>ထောင်ခြင်း<br>အင်တာနက် အကျိုး ရှိရှိ<br>အသုံးပြုနည်းသင် တန်း |
| လူငယ်များလုံ<br>ခြုံမှုအားနည်းလာသ<br>ည်။ | မူးယစ်ဆေးသုံးစွဲသူများလာ<br>ကြသည်။<br>ယဉ်အန္တရာယ်ရှိသည်။<br>လူကုန်ကူး<br>ခံရနိုင်မှုအန္တရာယ်ရှိသည်။ | လူငယ်များလုံခြုံစွာနေ ထိုင်<br>သွားလာလိုကြသည်။ | မူးယစ်ဆေးများကို အ<br>လွယ်တကူ ဝယ်ယူသုံးစွဲ နိုင်<br>ကြသည်။<br>လူငယ်များ ဗဟုသုတအားနည်း<br>သည်။ | လူငယ်ဖွံ့ဖြိုးရေးကို စီမံ ကိန်း<br>တစ်ရပ်အနေဖြင့် အ လေးထား<br>ဆောင်ရွက်ပေး သင့်သည်။ | လူငယ်ဖွံ့ဖြိုးရေးသင်တန်း<br>များ<br>၁။ မူးယစ်ဆေးကာ ကွယ်<br>တား ဆီးရေးအသိပညာ<br>ပေးသင်တန်း<br>၂။ ယဉ်စည်းကမ်း/ လမ်း<br>စည်းကမ်းထိန်း သိမ်းမှု<br>အသိပညာပေး သင်တန်း<br>၃။ လူကုန်ကူး ကာ ကွယ် |

Scanned by CamScanner

| | | | | | |
|---|---|---|---|---|---|
| | | | | | တားဆီးရေးအ သိပညာ ပေးသင်တန်း |
| ၁၃။ ကဏ္ဍ- စိုက်ပျိုးမွေးမြူရေးမဟုတ်သော သက်မွေးနည်းပညာများ ဖွံ့ဖြိုးရေးစီမံကိန်း | | | | | |
| ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါပြီးဝင်ငွေနည်းသည်။ | စိုက်ပျိုးမွေးမြူရေးမဟုတ်သော သက်မွေးလုပ်ငန်းကျွမ်းကျင်မှုအားနည်းသည်။ | အလုပ်လုပ်ကိုင်နိုင်သော အရွယ် (၆၈၁) ဦး (၆၅.၉%) ရှိသည်။<br>ကျေးရွာတွင် လျှပ်စစ်မီးရရှိသည်။<br>ဆက်သွယ်ရေးဖုန်းလိုင်းကောင်းသည်။<br>အချိန်မရွေးသွားလာနိုင်သည်။<br>ဒေသထွက်ကုန်ကြမ်းများရှိသည်။<br>ဒေသအတွင်းနည်းပညာပံ့ပိုးပေးသောဖွံ့ဖြိုးရေးအဖွဲ့များ ရှိသည်။ | ဒေသအတွင်းစက်ရုံ၊ အလုပ်ရုံမရှိ။ သက်မွေးပညာသင်ကြားရန် အဆက်အသွယ်မရှိ၊ သင်တန်းစရိတ်မတတ်နိုင်ကြပါ။ | ကျေးလက်ဦးစီးဌာနနှင့် ဒေသတွင်းဖွံ့ဖြိုးရေးအဖွဲ့များသို့ တင်ပြခြင်းနှင့် အကူအညီတောင်းခံခြင်း | သက်မွေးဝမ်းကျောင်း နည်းပညာဖွံ့ဖြိုးရေးစီမံကိန်းများ<br>1. ဝါးကြိမ်ချောယက်သင်တန်း<br>2. ပရိဘောဂသင်တန်း<br>3. ဖုန်ပြုပြင်သင်တန်း<br>4. အိမ်တွင်းလျှပ်စစ်ပြုပြင်သင်တန်း<br>5. မုန့်မျိုးစုံ ပြုလုပ်နည်းသင်တန်း<br>6. ရေခဲမုန့်လုပ်နည်းသင်တန်း<br>7. ဝရိန်ဆော်သင်တန်း<br>8. အလှပြင်သင်တန်း<br>9. ယို/ဝိုင် ပြုလုပ်နည်းသင်တန်း<br>10. စက်ချုပ်ဒီဇိုင်နာသင်တန်း<br>11. ပန်းရံသင်တန်<br>12. စက်ချုပ်သင်တန်း |
| ၁၄။ ကဏ္ဍ- စိုက်ပျိုးမွေးမြူရေးမဟုတ်သော သက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးစီမံကိန်း | | | | | |
| ကျေးရွာတွင် လက်သမား၊ ပန်းရံ ကျွမ်းကျင်သူအချို့ရှိ သော်လည်း ၄င်းလုပ်ငန်းမှ ဝင်ငွေနည်းသည်။ | လုပ်ငန်းသုံး ပစ္စည်း ကရိယာ ပြည့်စုံမှုမရှိသောကြောင့် ပုံမှန်အလုပ်အကိုင်မရကြပါ။ | ခေတ်မီလုပ်ငန်းသုံး ပစ္စည်းကရိယာများ ဒေသအတွင်းအလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ | ငွေကြေးမတတ်နိုင်ကြပါ။ | အသေးစား၊ အလတ်စား လုပ်ငန်းများအတွက် အရင်းအနှီး,ချေးငွေရရှိရန် ဆောင်ရွက်ပေးခြင်း | ခေတ်မီစက်ကရိယာများတပ်ဆင်ခြင်းနှင့် လုပ်ငန်းအဆင့်မြှင့်တင်ခြင်း:<br>• လက်သမား/ပန်းရံ<br>• စက်ချုပ်/အလှပြင် |
| ၁၅။ ကဏ္ဍ- အမျိုးသမီးများ စွမ်းဆောင်ရည် မြှင့်တင်ခြင်း ဖွံ့ဖြိုးမှု စီမံကိန်း | | | | | |
| အမျိုးသမီးများ | ဗဟုသုတ အားနည်း သော | အမျိုးသမီးများစွမ်းဆောင် | အဖွဲ့အစည်းများနှင့်ချိတ်ဆက် မှု | ဖွံ့ဖြိုးရေးအဖွဲ့များနှင့်ချိတ်ဆက် | ၁။ အိမ်တွင်းအကြမ်း |

Scanned by CamScanner

| | | | | | |
|---|---|---|---|---|---|
| စွမ်းဆောင်ရည် အားနည်း သည်။ | ကြောင့် ဖြစ်သည်။ | ရည်မြင့်တင်ပေးသော ဖွံ့ဖြိုးရေးအဖွဲ့များ ဒေသအတွင်းရှိသည်။ | အားနည်းသည်။ | ဆောင်ရွက်ခြင်း | ဖက်မှုကာကွယ်ခြင်း ဥပဒေသင်တန်း<br>၂။ အမျိုးသမီးများ စွမ်းဆောင်ရည်မြင့် တင်ခြင်း သင်တန်း<br>၃။ အမျိုးသမီးကာ ကွယ်စောင့်ရှောက် နည်း သင်တန်း |
| **၁၆။ ကဏ္ဍ-သဘာဝဆေးလျှော့ချရေးဖွံ့ဖြိုးမှုစီမံကိန်း** | | | | | |
| ကျေးရွာတွင် ရာသီမရွေး၊ အချိန်မရွေး မီးဘေးအန္တရာယ် ကျရောက်နိုင်သည်။ | မီးဘေးကာကွယ်ရေးအစီအစဉ်အားနည်းသည်/မရှိ။ | ကျေးရွာမှ ပေ ၂၀၀ ပါတ်လည် မြေနေရာစီစဉ်ပေးနိုင်သည်။ မြို့နယ်မီးသတ်ဦးစီးဌာနရှိသည်။ | မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ချိတ်ဆက်မှုအားနည်းသည်။ | ကျေးရွာတွင် သန္ဓေမီးသတ်တပ်ဖွဲ့ ဖွင့်ပေးရန် မီးသတ်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | သန္ဓေမီးသတ်စခန်းဖွင့်လှစ်ခြင်းနှင့် ကျေးရွာအုပ်စု မီးသတ်ကားထူထောင်ခြင်း |
| **၁၇။ ကဏ္ဍ-သဘာဝပါတ်ဝန်းကျင်ထိန်သိမ်းရေးဖွံ့ဖြိုးမှုစီမံကိန်း** | | | | | |
| မြစ်ချောင်း၊ အင်းအိုင်နှင့် သဘာဝပါတ်ဝန်းကျင် သန့်ရှင်းမှုနည်းပြီး ပါတ်ဝန်းကျင် ထိခိုက်မှုရှိလာသည်။ | အမှိုက်များ၊ ပိုးသတ်ဆေးဗူးခွံများကို စည်းကမ်းမဲ့စွန့် ပစ်ခြင်းနှင့် အမှိုက်စွန့်ပစ် သည့် စနစ်မရှိသောကြောင့် ဖြစ်သည်။ | ရွာသူ/ရွာသားများမှ သဘာဝပါတ်ဝန်းကျင် ထိန်သိမ်းရန် အရေးကြီးကြောင်း သတိမူလာကြသည်။ | ဗဟုသုတနည်းပါးသည်။ ငွေကြေးလည်းမတတ်နိုင်ကြပါ။ | ကျေးလက်ဦးစီးဌာနနှင့် စည်ပင်သာယာတို့နှင့် ချိတ်ဆက်၍ အသိပညာဗဟုသုတ ရယူခြင်းနှင့် စနစ်တကျအမှိုက်စွန့်ပစ်ရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန် | • ကျေးရွာတွင်းလမ်းဆုံများတွင် အမှိုက်ခြင်းထားရှိခြင်းနှင့်<br>• အမှိုက်သိမ်းယဉ် (သုံးဘီးယာဉ်) ထူထောင်ခြင်း |
| သစ်တောများ ရှားပါးလာသဖြင့် တန်ဖိုးရှိ သစ်ပင်များ၊ ရေထွက်များ ခမ်းခြောက်လာ သည်။ | စည်းကမ်းမဲ့ ၊ တရားမဝင် သစ်ထုတ်လုပ်ခြင်း၊ စည်းကမ်းမဲ့ အမဲလိုက်ခြင်းနှင့် သားကောင်များ ဖမ်းဆီးရောင်း ချခြင်း၊ သစ်ခွနှင့်ဆေးဖက်ဝင်အပင်များကို ရှာဖွေရောင်းချခြင်းတို့ရှိသည်။ | လူထုမှ သစ်တောပြန်လည်စိုက်ပျိုးရန် စိတ်ဝင်စားမှုရှိသည်။ | ငွေကြေးအရင်းအနှီးမရှိ။ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ သစ်တောဦးစီးဌာန၏နည်းပညာနှင့်အကြံဉာဏ်များ ရယူခြင်း။သစ်တောများပြန်လည်စိုက်ပျိုးရန် စည်းရုံးလှုံ့ဆော်ခြင်း၊ စည်းမျဉ်းစည်းကမ်းသတ်မှတ်ခြင်းများ ဆောင်ရွက်မည်။ | • လူထုထင်းစိုက်ခင်း ထူထောင်ခြင်း<br>• ပုဂ္ဂလိက ကျွန်းစိုက်ခင်းထူထောင်ခြင်း။ |
| **၁၈။ ကဏ္ဍ- မူဝါဒများဖွံ့ဖြိုးမှု စီမံကိန်း** | | | | | |
| ကျေးရွာတွင်ဆေးပေး ခန်းမရှိ | အစိုးရအသိအမှတ်ခွင့်ပြုချက် မရရှိသေးပါ။ | ကျေးရွာအုပ်စုတွင် ကျေးရွာ (၅) ရွာ ရှိပြီး အိမ်ထောင်စုများသည်။ | အစိုးရအသိအမှတ်ခွင့် ပြုပေးရန်လိုအပ်သည်။ | ကျေးလက်ဦးစီးဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်မှတဆင့် ကျန်းမာရေးဌာနသို့ တင်ပြခြင်း | ကျေးလက်ဆေးပေး ခန်းရရှိရေး/ချထား ပေးရန် |

Scanned by CamScanner


| | | | | | |
|---|---|---|---|---|---|
| တိုင်းရင်းသားစာပေများအားနည်းပြီး ပျောက်ကွယ်မည့်အန္တရာယ်ရှိသည် | လူငယ်များ ရိုးရာယဉ်ကျေးမှုနှင့်စာပေကို ထိန်းသိမ်းနိုင်မှုအားနည်းလာသည်။ | တန်ဖိုးရှိ ရိုးရာ တိုင်းရင်းသားစာပေတတ်မြောက်သူများ ရှိနေသေးသည်။ | လူကြီးများမှလည်း လက်ဆင့်ကမ်းအားပေးမှုနည်းသည်။ အမြော်အမြင်နည်းပါးကြသည်။ | လူငယ်အဖွဲ့များစနစ်တကျဖွဲ့စည်းခြင်း<br>တိုင်းရင်းသာရိုးရာယဉ်ကျေးမှုစာပေ ထိန်းသိမ်းရေးဆိုင်ရာ အစီအစဉ်များ ရေးဆွဲ အကောင်အထည်ဖေါ်ခြင်း | တိုင်းရင်းသာစာပေများကို ကျောင်းသင်ရိုးညွှန်တမ်းတွင် ထည့်သွင်းသင်ကြားခြင်း |
| အုပ်ချုပ်ရေးတွင်အမျိုးသမီးများပါဝင်မှုအလွန်နည်းနေသေးသည်။ | အစဉ်အလာအရအမျိုးသားများဖြင့်သာရွေး ချယ်ဖွဲ့စည်းလေ့ရှိ သည်။<br>အမျိုးသမီးများ မိမိကိုယ်မိမိယုံကြည်မှုအားနည်းနေသေးသည်။ | အချို့အမျိုးသမီးများ အရည်အချင်းရှိသည်။ | အစဉ်အလာအရအမျိုးသားများဖြင့်သာရွေးချယ်ဖွဲ့စည်းလေ့ရှိသည်။အမျိုးသမီးများမိမိကိုယ်မိမိ ယုံကြည်မှု အားနည်းနေ သေးသည်။ | ဥပဒေပြဋ္ဌာန်းပေးရန် လွှတ်တော်သို့ တင်ပြခြင်း | အုပ်ချုပ်ရေးတွင်အ မျိုးသမီးများကိုအချိုးကျ အနည်းဆုံး ၂၀% ပါဝင်ဖွဲ့စည်းခွင့်ပေး ရန် |
| ကျေးရွာတွင် ရာသီမရွေး၊ အချိန်မရွေး မီးဘေးအန္တရာယ် ကျရောက်နိုင်သည်။ | မီးဘေးကာကွယ်ရေးအစီအစဉ်အားနည်းသည်/မရှိ။ | ကျေးရွာမှ ပေ ၂၀၀ ပါတ်လည်မြေနေရာစီစဉ်ပေးနိုင်သည်။ မြို့နယ်မီးသတ်ဦးစီးဌာနရှိသည်။ | မြို့နယ်မီးသတ်ဦးစီးဌာနနှင့်ချိတ်ဆက်မှုအားနည်းသည်။ | ကျေးရွာတွင် သန္ဓေမီးသတ်တပ်ဖွဲ့ဖွင့်ပေးရန် မီးသတ်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | သန္ဓေမီးသတ်စခန်းဖွင့်လှစ်ခြင်းနှင့် ကျေးရွာအုပ်စုမီးသတ်ကားထူထောင်ခြင်း |
| ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့်ဝန်ဆောင်မှု လုံလောက် စွာ ရရှိနိုင်ခြင်း မရှိ။ | ကျေးရွာအုပ်စု ၅ ရွာလုံးတွင် ကျေးလက်ဆေးခန်းမရှိ၊ ကျွမ်းကျင်သူများလည်း မရှိကြပါ။ | ကျေးရွာအုပ်စုအတွင်း ဆေးခန်းချထားပေးရန် လစ်လပ်လျက်ရှိသည်။<br>ပြည်သူကျန်းမာရေးဦးစီးဌာနနှင့် ဒေသတွင်း ဖွံ့ဖြိုးရေးဆောင်ရွက်သော အဖွဲ့အစည်းများရှိသည်။ | အစိုးရ အသိအမှတ်ပြု ဆေးခန်းချထားပေးခြင်းမရှိ။ | ကျေးလက်ဦးစီးဌာနမှတ ဆင့်ကျန်းမာရေးဦးစီးဌာန သို့တင်ပြခြင်း။ | ကျေးလက်ဆေးပေးခန်းချထားပေးရန်။ |
| မူးယစ်ဆေးသုံးဆွဲသူများ လာသဖြင့် လူငယ်များ နှင့်အများပြည်သူ လုံခြုံရေးအရ စိုး ရိမ်ရအခြေအနေတွင်ရှိသည်။ | ထိရောက်သော အရေးယူဆောင်ရွက်မှုမရှိသဖြင့် မူးယစ်ဆေးများ အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။<br>တရားဥပဒေ စိုးမိုးမှု အားနည်းသည်။ | ရပ်ရွာများတွင် ကိုယ်ထူ၊ ကိုယ်ထ မူးယစ်နှိမ်နင်းရေးလုပ်ငန်းများ လုပ်ဆောင်နေကြသည်။ | တရားဝင်အဖွဲ့အစည်းမဟုတ်သောကြောင့် ထိရောက်မှုမရှိ။ | နိုင်ငံတော်မှ အသိအမှတ်ပြုဖွဲ့စည်းခွင့် တရားဝင်ချထားပေးရန်နှင့် လုပ်ပိုင်ခွင့် ချထားပေးရန် | မူးယစ်ဆေး ကာကွယ်တားဆီးရေးလူထုအခြေပြုအဖွဲ့ တရားဝင်ဖွဲ့စည်းခွင့် ပြုရေး |
| ဒေသတွင်း ဖွံ့ဖြိုးမှု နှေး သည်။<br>တိုးတက်မှု | နယ်မြေငြိမ်းချမ်း မရှိသေးပါ။ | လူအများမှ ငြိမ်းချမ်းရေးတည်ဆောက်ရန် စိတ်အား ထက်သန်ကြသည်။ | ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှုမရှိသေး။ အပြန်အလှန်ယုံကြည်မှု နည်း | လွှတ်တော်သို့ တင်ပြခြင်း | ငြိမ်းချမ်းရေးတည်ဆောက်ရန် |

Scanned by CamScanner

| | | | | | |
|---|---|---|---|---|---|
| နည်းသည်။ | | | နေသေးသည်။ | | |

Scanned by CamScanner

ဖါကာကျေးရွာမြေပုံကြမ်း (၂၀၁၈ ခုနှစ်)




## Venn Diagram (အဖွဲ့အစည်းချိတ်ဆက်မှု)

ရွာတွင်း











- အုပ်ချုပ်ရေးမှူး ၁ဦး
- အတွင်းရေးမှူး
- ရပ်ကွက်မှူး
- ဆယ်အိမ်ခေါင်း
- ပေါ်ဒိုင် အဖွဲ့
- မယ်ဒိုင် အဖွဲ့
- အမျိုးလူမျိုး
- အမျိုးသမီးရေးရာ
- ကျောင်းကော်မတီ

အပြင်

UNDP




Scanned by CamScanner

| လများ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု ပူပြင်းခြင်း | များ | များ | များ | များ | သင့် | သင့် | သင့် | သင့် | နည်း | နည်း | နည်း | နည်း |
| ရာသီဥတု အေးချမ်းခြင်း | နည်း | နည်း | နည်း | နည်း | များ | များ | များ | များ | သင့် | သင့် | သင့် | သင့် |
| မိုးရွာခြင်း |  |  |  |  |  |  |  |  |  |  |  |  |
| ဝင်ငွေ | သင့် | သင့် | သင့် | သင့် | နည်း | နည်း | နည်း | နည်း | များ | များ | များ | များ |
| ကြွေးမြီချေးမှု | နည်း | နည်း | နည်း | နည်း | များ | များ | များ | များ | သင့် | သင့် | သင့် | သင့် |
| [illegible]ရောဂါ | သင့် | သင့် | သင့် | သင့် | များ | များ | များ | များ | နည်း | နည်း | နည်း | နည်း |
| [illegible] ရောဂါ | များ | သင့် | သင့် | နည်း | နည်း | သင့် | သင့် | နည်း | နည်း | သင့် | သင့် | များ |
| ပွဲတော် | ~~နည်း~~ သင့် | သင့် | သင့် | သင့် | နည်း | နည်း | နည်း | နည်း | များ | များ | များ | များ |
| သဘာဝဘေး အန္တရာယ် | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း |

Scanned by CamScanner

**လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (ဖာကေကျေးရွာ၊ ဖာကေအုပ်စု၊ မိုးမောက်မြို့နယ်)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၉ | ၇ | ၁၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၈ | ၃၇ | ၆၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၆၁ | ၆၁ | ၁၂၂ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၈ | ၅၃ | ၁၁၁ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၃၇ | ၃၄၄ | ၆၈၁ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၁ | ၂၈ | ၃၉ |
| စုစုပေါင်း | | ၅၀၄ | ၅၃၀ | ၁၀၃၄ |
| စုစုပေါင်း အိမ်ထောင်စု (၂၁၀) | | တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၅.၁၄ | | |

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၂၁၀ ရှိပြီး လူဦးရေပေါင်း ၁၀၃၄ (ကျား ၅၀၄ + မ ၅၃၀) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၅.၁၄ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ ၏ စံနှုန်းဖြစ်သော ၅ ယောက်နှုန်းထက် အနည်းငယ်များသည်ကို တွေ့ရသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် စုစုပေါင်း ၁၆ ဦး၊ ၁.၅၄% သာရှိသဖြင့် ယခုနှစ်များတွင် မွေးဖွါးနှုန်း အလွန်ကျ ဆင်း နေ သည်ကိုတွေ့ရသည်။ ၅ နှစ်အောက်ကလေး ၆၅ ဦး (၆.၂၉%) ရှိသည်ကိုသိရှိခြင်းအားဖြင့်ကာကွယ် ဆေးထိုးရမည့် ကလေးနှင့် မူကြိုကျောင်းတက်ရောက်နိုင်သည့် ကလေးအရေအတွက်ကို အတိအကျ သိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တိုင်းတာတွက် ချက်နိုင်မည်။ မူကြိုကျောင်းလိုအပ်မှုရှိမရှိကိုလည်းအလွယ်တကူ ဆန်းစစ်နိုင်သည်။မူလတန်းအရွယ်ကလေး၁၂၂ဦး(ကျား၆၁+မ၆၁)နှင့် အလယ်တန်းကျောင်းသားအရွယ် ၁၁၁ ဦး (ကျား ၅၈+မ ၅၃) သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ် လုပ်နိုင်သော အရွယ် ၆၈၁ (ကျား ၃၃၇+ မ ၃၄၄)၊ (၆၅.၈၆%) ရှိသောကြောင့် ကျေးရွာတွင် အလုပ် လုပ်နိုင်သော လူဦးရေ အလွန်များပြားသည်ကို တွေ့ရသည်။ ၎င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ပါက ကျေးရွာဖွံ့ ဖြိုးရေးအတွက် များစွာ အထောက်အကူဖြစ်မည်။ အလုပ်လုပ်ကိုင်နိုင်သောအရွယ်တွင် အမျိုးသမီးဦးရေ သည် အမျိုးသား ဦးရေထက် ၇ ဦး (၁.၀၃%) ပိုများနေသည်ကို တွေ့ရသည်။ ကျေးရွာတွင် သက်ကြီး ရွယ်ကြီး ၃၉ ဦး (ကျား ၁၁+မ ၂၈) ဦး (၃.၇၇%) သာ ရှိသဖြင့် ကျေးရွာတွင် ကျန်းမာရေးအခြေအနေ ညံ့သည်ကို တွေ့ရသည်။ သက်ကြီးရွယ်ကြီးတွင်လည်း အမျိုးသမီးဦးရေသည် ၁၇ ဦး (၆၀%) ပိုများ နေသည်ကို တွေ့ရသဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် အသက်ရှည် သည်ကိုတွေ့နိုင်သည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

Scanned by CamScanner

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂၉ | ၁၆၂ | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅၁ | ၆၆ | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | ၂၆၆ | ၁၈၅ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၄ | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | ၁ | ၁ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၅ | ၂ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁. | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

Scanned by CamScanner

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၂၀ | ၁၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၃ | ၂ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၆ | ၂၁ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

Scanned by CamScanner

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၂၁၁ | ၅၅၁ | ၁၆၁ | ☒ |

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ခြေ ၂၁၁ ရှိသည့်အနက် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သူ (၁၈၀) အိမ် (ကပ ၁၂၉ + လသ ၅၁) အလုပ်လုပ်သူဦးရေ ၂၂၈ ဦး (ကပ ၁၆၂ + လသ ၆၆)၊ ထုတ်ကုန် လုပ်ငန်း ဆန်စက်လုပ်ငန်းကို အဓိကလုပ်ကိုင်သူ ကိုယ်ပိုင် ၃ အိမ်နှင့်အလုပ်လုပ်သူဦးရေ (ကပ ၄ ဦး)၊ စက်ပြင် လုပ်ငန်းအဓိကလုပ်ကိုင်သူ ၄ အိမ် (ကိုယ်ပိုင် ၃ အိမ်+ အလုပ်သမား ၁ အိမ်)နှင့် အလုပ်လုပ် သူဦးရေ ၄ ဦး (ကပ ၃+ လသ ၁)၊ မိတ္တူကူးစက်ကို အဓိကလုပ်ကိုင်သူ ကိုယ်ပိုင် ၁ အိမ်အလုပ်လုပ်သူ (ကပ ၁ ဦး)၊ ဈေးဆိုင်/ရောင်းအဓိကလုပ်ကိုင်သူ ကိုယ်ပိုင် ၅ အိမ်မှ အလုပ်လုပ်သူ (၆) ဦး၊ ပို့ဆောင် ရေးအဓိက လုပ်ကိုင်သူ (၁) အိမ်မှ အလုပ်လုပ်ကိုင်သူ (၁) ဦး၊ ကျပန်းအဓိကလုပ်ကိုင်သူ ၁၆ အိမ်မှ အ လုပ်လုပ် ကိုင်သူ (လသ ၂၁) ဦး ဖြစ်သည်။ ၂၁၁ အိမ်အနက် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ ၁၄၂ အိမ်မှ အလုပ်လုပ်ကိုင်သူ (၁၇၈) ဦးနှင့်နှင့် အလုပ် သမား/ဝန်ထမ်းလုပ်ကိုင်သူ ၆၈ အိမ်မှ အလုပ်လုပ်ကိုင်သူ (၈၈) ဦးရှိသည်။ တွဲဖက်လုပ်ငန်းအနေဖြင့် ၁၆၁ အိမ်မှ အလုပ်လုပ်ကိုင်သူ (၂၈၅) ဦးရှိသည်။ ထို့ကြောင့် စုစုပေါင်း လုပ်ငန်းပေါင်း (၃၇၂) (အဓိကအလုပ်အကိုင် ၂၁၁ + တွဲဖက် အလုပ် အကိုင် ၁၆၁) ခုရှိပြီး အလုပ်လုပ်ကိုင်သူ (၅၅၁) ဦးရှိသည်။ ဇယား (၁) တွင် အလုပ်လုပ်နိုင်သော အရွယ် (၆၈၁) ဦးရှိသော်လည်း ယခုအလုပ်လုပ်ကိုင်သူ ဦးရေစုစုပေါင်းမှာ (၅၅၁) (၂၆၆ + ၂၈၅= ၅၅၁) ဦးနှင့် အလုပ် လုပ်နိုင် သည့်အရွယ် အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်နေသူ စုစုပေါင်း (၅၆) မှအပ ကျန်ကျောင်း မနေ တော့သည့် အလုပ်လုပ်သည့်အရွယ် ၇၄ ဦးမှာ အလုပ်လက်မဲ့ ဖြစ်နေကြသည်။ ၂၁၁ အိမ်မှ အလုပ် လုပ်နေသူ ၅၅၁ ဦးရှိသောကြောင့် မိသားစုစားဝတ်နေရေးအတွက် တစ်အိမ်ထောင်ပျမ်းမျှ ၂.၆ ယောက်အလုပ်လုပ်နေကြောင်း သိနိုင်သည်။ တွဲဖက်လုပ်ငန်း လုပ်ကိုင်သူ ၂၈၅ ဦး ရှိသည်ကို ကြည့် ခြင်းအားဖြင့် (၁၆၁) အိမ်မှ (၂၈၅) ဦးသည်မိသားစု ရပ်တည်ရေးအတွက် လုပ်ငန်း တစ်မျိုးထက် ပို၍ လုပ်နေ ကြရသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက် | အများဆုံး (ကျပ်) | အနည်းဆုံး (ကျပ်) |
|---|---|---|---|---|

Scanned by CamScanner

| | | ပုံ | ကျား | မ | ကျား | မ |
|---|---|---|---|---|---|---|
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ဝင်ငွေရလုပ်ငန်း ၂ မျိုးသာရှိသည်ကို တွေ့ရသဖြင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်။ ၎င်းတို့မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ဆောက်လုပ် ရေး လက်သမား၊ ပန်းရံလုပ်ငန်းများ ဖြစ်သည်။ ၎င်းလုပ်ငန်း (၂) မျိုးလုံးတွင် အမျိုးသားနှင့် အမျိုး သမီး လုပ်အားခ တန်းတူရကြပြီး ကျေးရွာတွင် ကျား/မ လုပ် အားခ သိသာစွာ ခွဲခြားမှုမရှိဘဲ တန်းတူ ရ သည်ဟု ဆိုနိုင်ပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၅၆၂.၅ | ကောင်း ☐ | သင့် ☐ | ညံ့ ☒ |
| ယာမြေ / တောင်ယာမြေ | ၇၄ | ကောင်း ☐ | သင့် ☒ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၁၃ | ကောင်း ☐ | သင့် ☐ | ညံ့ ☒ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |

Scanned by CamScanner

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၁ | ကောင်း ☐ သင့် ☐ ညံ့ ☒ |
| စုစုပေါင်း | ၇၅၀.၅ | ☒ |

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။**ကျေးရွာတွင်** လယ် ၅၆၂.၅ ဧက၊ တောင်ယာမြေ ၇၄ ဧက၊ ဥယာဉ်ခြံမြေ ၁၁၃ ဧက၊ နှင့် မြေလွတ်မြေလပ် ၁ ဧက၊ စုစုပေါင်း စိုက်ပျိုးမြေ (၇၅၀.၅) ဧက ရှိသည်။ တောင်ယာမြေမှ မြေအရည် အသွေးသင့်သော်လည်း ကျန်လယ်မြေ၊ ဥယျာဉ်ခြံမြေများမှ မြေအရည်အသွေးညံ့သည်ကို တွေ့ရသည်။ စိုက်ပျိုးမြေများမှ ပုံစံ (၇) မရကြသေးပါ။ ပုံစံ (၇) ရရှိရေး မြေစာရင်းဦးစီးဌာနမှ ကွင်း ဆင်းတိုင်းတာ ပြီးဖြစ်သော်လည်း ယခုအထိပုံစံ (၇) မရကြသေးသောကြောင့် အမြန်ရရှိရန် တင်ပြကြ ပါသည်။ မြေယာပိုင်ဆိုင်မှု ပုံစံ (၇) မရှိသောကြောင့် ရွာသူ/သားများမှ မိမိတို့ပိုင်မြေများ သိမ်းဆည်းခံ/ ဆုံးရှုံးသွား မှာကို အထူးစိုးရိမ်နေကြရသည်။

**(၈-၂) တောတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

ဇယား (၅) တောတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ရွှေ စသည်။) | များ ☐ သင့် နည်း မရှိ ☒ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☒ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ☒ မရှိ ☐ | လွယ် ☐ ခက် ☒ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☒ မရှိ ☐ | လွယ် ☐ ခက် ☒ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☒ မရှိ ☐ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် ဓါတ်ငွေ့၊ ရေနံ၊ ကျောက်မျက်မရှိပါ။ ဆောက်လုပ်ရေးအတွက် သဲနှင့် ကျောက်ကို လိုသလောက် ရရှိနိုင်ပါသည်။ သဘာဝပေါက် ပင်များအနေဖြင့် ဝါး၊ ကြိမ်၊ အင်ကြင်း၊ သစ်မာ အနည်းငယ် ရှိနေသေးပြီး

Scanned by CamScanner

စည်းကမ်းမဲ့ ခုတ်လှဲ ထုတ် ယူခြင်းနှင့် နယ်မြေစိုးမိုးမှုနည်းသောကြောင့် တရားမဝင် သစ်ထုတ်ယူမှုကြောင့် တဖြည်းဖြည်း ရှား ပါးလာသည်။ သဘာဝပေါက်ပင် ဆေးဖက်ဝင်အပင်များမှာ ဆင်တုံးမနွယ်၊ ကြောင်လျှာပင်၊ ဆေးခါး ပင်၊ နနွင်းနက်၊ နနွင်းဝါ၊ ငရုပ်ကောင်း၊ ဆေးသစ်ခွ၊ ပန်းသစ်ခွ၊ ဆေးဆိုးပင်၊ လျှော်ပင်များရှိ သော် လည်း စည်းကမ်းမဲ့ထုတ်ယူပြီးတရုတ်ပြည်သို့ ရောင်းချကြသည်။ ဝဥကို သဘာဝပေါက်ပင်အနေဖြင့် တွေ့ရှိရပြီး ဝဥကို တရုပ်ပြည်သို့ရောင်းချခြင်းနှင့်ဒေသအတွင်း ကြိုချက်စားကြသည်။ ဝဥစိုက်ပျိုးရန် ဗဟုသုတ မရှိကြပါ။ သဘာဝပေါင်ပင်များကို ဈေးကောင်းမရကြဘဲ ထုတ်ယူသုံးစွဲမှု များခြင်းကြောင့် တဖြည်းဖြည်းရှားပါးလာသည်။ သဘာဝပေါက်ပင်များကို ကျွမ်းကျင်မှုမရှိသောကြောင့် အကျိုးရှိရှိ အသုံးမပြုနိုင်ကြပါ။ကျေးရွာဖွံ့ဖြိုးရေးအတွက်ထိရောက်စွာအသုံးမပြုနိုင်ကြပါ။ တိုင်းရင်းဆေးပညာ သင်ကြားနိုင်ပါကကျေးရွာဖွံ့ဖြိုးရေးအတွက်အကျိုးရှိလာမည်ဖြစ်သည်။ဝဥစိုက်ပျိုးနည်းနှင့် ဝဥစိုက်ပျိုးရန်တင်ပြကြသည်။ သစ်ခွပင်များလည်း ရှားပါလာသဖြင့် စိုက်ပျိုးလိုကြသည်။ သစ်ခွလိပ်နည်းကိုလည်း စိတ်ဝင်စားကြသည်။

သဘာဝတောင်ရိုင်းတိရစ္ဆာန်အနေဖြင့် ကျေးရွာအနီးတွင် ဝက်ဝံ၊ ဂျီ၊ ဆတ်၊ တောဝက်၊ ဖြူ၊ သင်းခွေကြပ်၊ ဖွတ်၊ မြွေမျိုးစုံ၊ တောကြက်၊ တောကြောင်၊ ငါး၊ လိပ်နှင့် ဖားတို့ရှိပြီး စည်းကမ်းမဲ့ ဖမ်းယူ စားသောက်ကြသောကြောင့် တဖြည်းဖြည်းရှားပါးလာသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅-၁၀ ဧကကြား | ၂-၅ ဧကအကြား | ၂ ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | ကာလာသွပ်မိုး၊ တိုက်/အုပ်အကာ၊ သမံတလင်းခင်း | ရိုးရိုးသွပ်မိုး၊ တိုက်/အုပ်အကာ၊ သမံတလင်းခင်း | ရိုးရိုးသွပ်အမိုး၊ ထရံကာ၊ ဝါး/ပျဉ်ခင်း၊ | သက္ကယ်မိုး၊ ထရံကာ၊ မြေစိုက်/ဝါးကြမ်းခင်း |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | လက်တွန်းထွန်စက် ၁ စင်း၊ ရေစုပ်စက် ၁ ခု၊ ထော်လာဂျီ ၁ စီး၊ ဂျစ်ကား ၁ စီး၊ | လက်တွန်းထွန်စက် ၁ စင်း၊ ရေစုပ်စက် ၁ ခု၊ ထော်လာဂျီ ၁ စီး | ထော်လာဂျီ ၁ စီး။ | ပေါက်တူး၊ ပေါက်ပြား၊ ဓါး၊ တံဇဉ် စသည်။ |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကား ၁-၂ စီး၊ ဆိုင်ကယ် ၂-၃ စီး၊ တယ်လီဖုန်း ၅ လုံး၊ ရေခဲသေတ္တာ ၁ ခု၊ တီဗီ ၁ ခု၊စလောင်းပီအက်အိုင် ၁ ခု။ | ဆိုင်ကယ် ၁-၂ စီး၊ တယ်လီဖုန်း ၃-၅ လုံး၊ တီဗီ ၁ ခု၊ စလောင်း ၁ ခု။ | ဆိုင်ကယ် ၁စီး လိုင်စင်မဲ့၊ တယ်လီဖုန်း ၂ လုံး၊ ခေါက်တီဗီ ၁ ခု၊ စက်ဘီး ၁ စီး။ | ဆိုင်ကယ်အဟောင်း ၁ စီး၊ စက်ဘီး ၁ စီး၊ ခေါက်တီဗီ ၁ ခု။ |

Scanned by CamScanner

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူကြီး/ အရောင်းအဝယ် | တောင်သူလတ် | တောင်သူငယ်/ဆင်းရဲသားတောင်သူ | ကျပမ်း |
| အိမ်ထောင်စု (၂၁၀) | ၂၀ | ၃၆ | ၁၀၃ | ၅၁ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ဖာကေကျေးရွာတွင် အိမ်ခြေ ၂၁၀ အိမ်ရှိပြီး အဆင့် ၁ (၂၀) အိမ် ၊ အဆင့် ၂ (၃၆)အိမ် ၊ အဆင့် ၃ (၁၀၃) အိမ် ၊နှင့် အဆင့် ၄ (၅၁) အိမ် ရှိ သည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်ဆိုင်သောပစ္စည်း ပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုသည် ကျေးရွာစီးပွါးဥစ္စာဓနအဆင့် ခွဲရာတွင် အဓိက အရေးပါသည်ကို တွေ့ရသည်။ ကျေးရွာတွင် အဆင့် ၁ နှင့် အဆင့် ၂ အိမ်အရေအတွက်မှာ နည်းပြီး ၂၁၀ အိမ်ထောင်စုအနက် (၅၆) အိမ် သာ ရှိသော်လည်းပိုင်ဆိုင်မှုအနေဖြင့် များပြားစွာ ပိုင်ဆိုင်ကြပြီး ဝမ်းစာဖူလုံကြသော်လည်း အဆင့် (၃) အဆင်မပြေနှင့် အဆင့် (၄) အလွန်အဆင်မပြေအိမ်ထောင်စု အရေအတွက်မှာ ၂၁၀ အိမ်အနက် ၁၅၄ အိမ်ရှိသည်။ အရေအတွက်များသော်လည်း ပိုင်ဆိုင်မှုမှာ အလွန်နည်းပြီး ဝမ်းစာဖူလုံမှုမရှိကြပါ။ ထို့ကြောင့် အများစုဖြစ်သော အဆင့် ၃ နှင့် အဆင့် ၄ အိမ်ထောင်စုများသည် အဆင့် ၁ နှင့် အဆင့် ၂ အိမ် များသို့ ကျပမ်းသွားရောက် လုပ်ကိုင်ကြရသော်လည်း ပုံမှန်အလုပ်အကိုင်မရှိ၊ လုပ်အားခမှာလည်း အ လွန်နည်းသောကြောင့် ပြင်ပ (ပြည်တွင်း/ပြည်ပ) သို့ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်စားသောက်ကြ ရသည်။

### (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = __________<br>လုပ်အားခကြိုယူ = __________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = __________<br>လုပ်အားခကြိုယူ = __________ |
| ၆ လ မှ ၁၂ လအထိ | | အခြားအစာပြောင်းလဲစား = __________ |

Scanned by CamScanner

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ဝမ်းစာဖူလုံမှု | | အစာလျှော့စား = ______ <br> အထောက်အပံ့ယူ = ______ <br> ချေးယူ = ______ <br> လုပ်အားခကြိုယူ = ______ |

ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။**

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၄၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၆ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၂၅ | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဖာကေကျေးရွာတွင် ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုမှာ၄၁စု(၁၉.၅%)ရှိပြီး အမျိုးသမီးဦးဆောင်သည့်အရေအတွက်များသည်ကိုတွေ့ရသည်။ ဆင်းရဲ၍ မိသား စုဦးရေ များသည့် မုဆိုးဖို/တခုလပ် အိမ်ထောင်စုမှာ ၆ စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင် လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု ၂၅ စုရှိသည်။ ၄င်းတို့အတွက် အလုပ်အကိုင်အ ခွင့်အ လမ်းနှင့် အသက်မွေးဝမ်းလုပ်ငန်းကျွမ်းကျင်မှုရှိလာပါက ဆင်းရဲသားများ မိသားစုဝင် ငွေတိုး လာနိုင် ပါသည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | **ထိခိုက်လွယ်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☒ နိမ့် ☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☒ နိမ့် ☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |

Scanned by CamScanner

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ စားနပ်ရိက္ခာမဖူလုံမှု၊ သဘာဝအရင်းအမြစ်ရှားပါးမှု၊ မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းခြင်း၊ သစ်တောပြုန်းတီးခြင်း၊ ငှက်ဖျား ရောဂါ၊ ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု စသည်တို့မှာ ထိခိုက်လွယ်မှုလတ် ဖြစ်သည်။ စားနပ်ရိက္ခာ မဖူလုံမှု လတ်ဖြစ်ရခြင်းမှာ သီးနှံအထွက်နှုန်းနည်းခြင်း၊ စိုက်ပျိုးမြေနည်းခြင်း၊ စိုက်ပျိုး ရေအနေဖြင့် သွင်းရေမရဘဲ မိုးရေကိုသာ အားကိုးနေရခြင်း၊ နည်းပညာအားနည်းခြင်း တို့ကြောင့် ဖြစ် သည်။ သဘာဝအရင်းအမြစ်များ ရှားပါးလာရခြင်းမှ ဝင်ငွေနည်းပြီး တရားဥပဒေစိုးမိုးမှု နည်းသော ကြောင့် သစ်ကို တရားမဝင် ထုတ်ယူခြင်း၊ တန်ဖိုးရှိ အပင်နှင့် တောရိုင်းတိရစ္ဆာန်များကို စည်းကမ်းမဲ့ အမဲလိုက်ခြင်း၊ ဖမ်းယူရောင်းချခြင်း၊ စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းတို့ ကြောင့် ဖြစ် သည်။ သစ်တောပြုန်းတီးမှု လတ်ဖြစ်ရခြင်းမှာ သစ်တောများကို စည်းကမ်းမရှိခုတ်လှဲခြင်း၊ တရား ဥပဒေစိုးမိုးမှု အားနည်းခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်ကျင့်သုံးခြင်းနှင့် ထင်းမီးသွေးသစ် စီးပွါးဖြစ် ထုတ်ယူခြင်း တို့ကြောင့်ဖြစ်သည်။ မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှုလတ်ဖြစ်ရခြင်းမှာ သစ်တော များပြုန်းတီးမှုကြောင့် ရေတိုက်စားသဖြင့် မြေပြိုခြင်း၊ ရေတိုက်စားခြင်း၊ မြေပို့ခြင်း တို့ကြောင့် စိုက်ပျိုး မြေဆုံးရှုံးမှုများရှိသည်။ ထို့အပြင် ပြောင်းဖူးကို မြေတကွက်တည်း/တနေရာ တည်းတွင် တစ်နှစ်ပါတ် လုံး ၂-၃ ကြိမ် ထပ်မံစိုက်ပျိုးခြင်းကြောင့်လည်း မြေဆီဩဇာများ လျော့နည်းလာရခြင်းဖြစ်သည်။

ငှက်ဖျားရောဂါကျရောက်မှု ထိခိုက်လွယ်မှု လတ်ဖြစ်ရခြင်းမှာ ငှက်ဖျားဇုံတွင် ကျရောက်နေခြင်းနှင့် ဆင်းရဲသားမိသားစုမှာ ခြင်ထောင်သုံးစွဲနိုင်ခြင်းမရှိသောကြောင့် ဖြစ်သည်။

ကိုယ်ခံအားကျဆင်းမှု ရောဂါ ထိခိုက်လွယ်မှု လတ်ဖြစ်ရခြင်းမှာ မူးယစ်ဆေးဝါးသုံးစွဲသူများ ရှိပြီး ၄င်းမှတဆင့် ကူးစက်သောကြောင့်ဖြစ်သည်။ ကျန်ထိခိုက်လွယ်မှု အမျိုးအစားများမှာ နိမ့်ဖြစ် သည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |

Scanned by CamScanner

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများတွင် လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ၊ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားများ၊ ကျပန်းများ၊ ရွှေ့ပြောင်းသွားလာသူများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းသူများနှင့် ကားမောင်း ပြီး အသက်မွေးသူများ သည် ထိခိုင်သက်ရောက်နိုင်မှု မြင့်သည်။

လူငယ်များ ထိခိုင်သက်ရောက်နိုင်မှုမြင့်ရခြင်းမှာ လူငယ်များသည် မိသားစု ဝင်ငွေအတွက် အဓိ က အလုပ်လုပ်ကိုင်ရသူများ ဖြစ်ပြီး မိသားစုနှင့် ဝေးကွာစွာ သွားရောက် အလုပ်လုပ်ကိုင်ရသောကြောင့် ကူးစက်ရောဂါများ အလွယ်တကူ ကူးစက်ခံရနိုင်မှုများခြင်း၊ ယဉ်အန္တရာယ် အချိန်မရွေး ကျရောက်နိုင် ခြင်း၊ လူကုန်ကူး ခံရနိုင်ခြေများခြင်း၊ ခိုက်ရန်ဖြစ်ပွါးမှု များခြင်းကြောင့် ထိခိုက်သက် ရောက်နိုင်မှု မြင့် ရခြင်းဖြစ်သည်။

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ၊ ဆင်းရဲသားတောင်သူများနှင့် လက် လုပ်လက်စားများ၊ ကျပန်းများမှာလည်း ပုံမှန်အလုပ်အကိုင်မရှိခြင်းနှင့် လုပ်အားခနည်းသဖြင့် မိသားစု ဝင်ငွေနည်းသောကြောင့် အချိန်မရွေး ထိခိုက်သက်ရောက်မှု ဖြစ်နိုင်သောကြောင့် ထိခိုက် သက်ရောက် နိုင်မှု မြင့်သည်။

Scanned by CamScanner

ရွှေ့ပြောင်းသွားလာသူများ မှာလည်း မိမိဒေသမှာ အဝေးသို့ သွားရောက်အလုပ်လုပ်ကိုင်ရာတွင် ကူးစက်ရောဂါများ ကျရောက်နိုင်ခြင်း၊ ခိုက်ရန်ဖြစ်ပွါးနိုင်ခြင်း၊ အနိုင်ကျင့်ခံရနိုင်ခြင်း၊ ဝင်ငွေနည်းပါး/ ပုံမှန်မရှိခြင်းတို့ကြောင့် ထိခိုက် သက်ရောက် နိုင်မှု မြင့်သည်။

လှည့်လည်ဈေးရောင်းသူများမှာလည်း မနိုင်ဝန်များနှင့် နေ့စဉ်လှည့်လည်သွားရောက် နေရာတွင် အန္တရာယ် အချိန်မရွေးသောကြောင့် ထိခိုက်သက်ရောက်နိုင်မှု မြင့်သည်။

ကျန်လူအုပ်စုများမှာ ထိခိုက်သက်ရောက်နိုင်မှု နိမ့်အခြေအနေတွင်ရှိသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ရပ်မိရပ်ဖ | ၁☐ ၂☒ ၃☐ | ၃၀ | ၃၅ | ၆၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၂ | ပေါ်ခိန်မယ်ခိန် | ၁☐ ၂☒<br>၃☐ | ၂၁၀ | ၂၁<br>၉ | ၄၂၉ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၃ | အပျိုလူပျိုအဖွဲ့ | ၁☐ ၂☒<br>၃☐ | ၆၀ | ၄၅ | ၁၀၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☒<br>ညံ့ ☐ |
| ၄ | အမျိုးသမီးရေး ရာ | ၁☐ ၂☒<br>၃☐ | | ၃၅ | ၃၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☒ |
| ၅ | | ၁☐ ၂☐<br>၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ |

Scanned by CamScanner

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၆ | | ၁☐ ၂☐<br>၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ |
| ၇ | | ၁☐ ၂☐<br>၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ |
| ၈ | | ၁☐ ၂☐<br>၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ |
| ၉ | | ၁☐ ၂☐<br>၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ဖာကေကျေးရွာတွင်း အဖွဲ့ပေါင်း (၄) ဖွဲ့ရှိပြီးအဖွဲ့အားလုံးမှာ လူမှုရေးကို အခြေခံသောအဖွဲ့ များဖြစ်ကြသည်။ အမျိုးသမီးရေးရာအဖွဲ့မှာ ပြင်ပမှ လာရောက်ဖွဲ့ပေးသောအဖွဲ့ ဖြစ်ပြီး စွမ်းဆောင်နိုင်မှု ညံ့သည်ကိုတွေ့ရပြီး ကျန် ၃ ဖွဲ့မှာ ကျေးရွာမှ မိမိတို့၏ လိုအပ်ချက်အရ ဖွဲ့စည်းထားသောအဖွဲ့များ ဖြစ်ကြပြီး စွမ်းဆောင်နိုင်မှုလည်း ကောင်းသည်။ ၎င်းအဖွဲ့များကို သုံးသပ်ရာတွင် ကျေးရွာမှ မိမိတို့ကိုယ်တိုင် လိုအပ်ချက်အရ ဖွဲ့စည်းသော အဖွဲ့များသည် တာဝန်ယူမှု၊ တာ ဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန်အလှန် ယုံကြည်မှုရှိသည်။ လုပ်ငန်းလုပ် ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည်နိုင်ကြသည်။ အဖွဲ့ဝင် ဦးရေအရ ကျား/မ အားလုံး ပါဝင်ကြသော်လည်း အလုပ်တာဝန်ခွဲဝေသည့်အခါ အမျိုးသားများကသာ အရေးပါသော

Scanned by CamScanner

ဆုံးဖြတ် ချက်ချနိုင်သော(ဥက္ကဋ္ဌ/အတွင်းရေးမှူး စသည်) တာဝန်များကို ယူလေ့ရှိကြပြီး အမျိုးသမီးများမှ အရေးမပါသော (အဖွဲ့ဝင်/သော့ထိမ်းစသည်) တာဝန်များကို ပေးလေ့ရှိကြသည်။ ထို့ကြောင့် အဖွဲ့အ စည်းများ ဖွဲ့စည်းရာတွင် အမျိုးသား/သမီး အနည်းငယ်ခွဲခြားမှု ရှိသည်ကို တွေ့ရသည်။ ပြင်ပမှ လုပ် ငန်းလို အပ်ချက်အရဖွဲ့စည်းခဲ့သော အဖွဲ့ရှိသော်လည်း တာဝန်ယူမှု တာဝန်ခံမှု၊ အပြန်အလှန် ယုံကြည်မှု အားနည်းသည်။ လုပ်ငန်းစွမ်းဆောင်မှုလည်း အားနည်းသည်။ ရေရှည် ရပ်တည်နိုင်မှုမ ရှိကြပါ။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| **စဉ်** | **အမည်** | **အဖွဲ့အစည်း အမျိုးအစား**<br>(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်**<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | UNDP | ၁☐ ၂☐ ၃☐ ၄☒ ၅☐ ၆☐ ၇☐ | ပညာရေး ☒ ငွေကြေး ☒<br>ကျန်းမာရေး☒ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☒<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☒ |
| ၂ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၅ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၆ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

Scanned by CamScanner

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။</u>

**လေ့လာတွေ့ရှိချက်။** ။ ယခင်က UNDP စီမံကိန်း ဝင်ရောက်လုပ်ကိုင်ခဲ့သော်လည်း လက်ရှိကျေးရွာ ၏ ဖွံ့ဖြိုးရေးလုပ်ဆောင်နေသော ပြင်ပအဖွဲ့အစည်း မရှိပါ။ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအား နည်းသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

မြစ်မိန်းရောင်ချေးငွေနှင့် မိတ်ဆွေ၊ ဆွေမျိုးထံမှ ချေးငွေမှာ လိုသလောက်မရနိုင်ခြင်း၊ လိုအပ် သည့်အချိန်တွင် မရနိုင်ခြင်းနှင့် ကာလတိုချေးငွေများသာဖြစ်သောကြောင့် အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေရရှိနိုင်ပါက အဆင်ပြေမည်ဖြစ်သည်။

ထို့ကြောင့် တောင်သူများနှင့် သင့်လျော်သော အတိုးနှုန်းသက်သာသည့် နှစ်ရှည်ချေးငွေပံ့ပိုး ပေး ရန် တင်ပြကြသည်။

**(စ) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု**

**(စ-၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

| အကြောင်းအရာ | အန္တရာယ်ရှိမှု | | |
|---|---|---|---|
| မြေဆီသြဇာ အခြေအနေ | မြင့်☒ | လတ်☐ | နိမ့်☐ |
| အပင်မျိုးစိတ်များ | မြင့်☒ | လတ်☐ | နိမ့်☐ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | မြင့်☒ | လတ်☐ | နိမ့်☐ |
| ရေအရင်းအမြစ် | မြင့်☐ | လတ်☒ | နိမ့်☐ |
| ငါးမျိုးကွဲများ | မြင့်☒ | လတ်☐ | နိမ့်☐ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့်☒ | လတ်☐ | နိမ့်☐ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့်☒ | လတ်☐ | နိမ့်☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီ သြဇာ အခြေအနေတွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းနှင့် ပြောင်းဖူးကို မြေတစ်နေရာတည်းတွင် တစ်နှစ် ပါတ်လုံး ဆက်တိုက်စိုက်ပျိုးသည့် အလေ့အကျင့်ကြောင့် မြေဆီလွှာတိုက်စားခြင်းနှင့် မြေဆီသြဇာ လျော့နည်းလာပြီး အန္တရာယ်ရှိမှုမြင့်သည်။ လူအသုံးဝင်သော အပင်မျိုးစိတ်များ (ဝါး၊ သစ်၊ ဆေးဖက် ဝင်အပင်များ၊ သစ်ခွ၊ ဝဥများ စသည်) တို့ မှာလည်း စည်းကမ်းမဲ့ထုတ် ယူသုံးစွဲခြင်းနှင့် ထိန်းသိမ်းမှု အားနည်း ခြင်းတို့ကြောင့် ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ရာသီဥတုဖောက်ပြန်ခြင်းနှင့် ဓါတု ဆေးဝါးများကို စနစ်တကျသုံးစွဲခြင်းမရှိသောကြောင့် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှု တွင်လည်း အန္တရာယ်ရှိမှု မြင့်သည်။ သစ်တောပြုန်းတီးမှုကြောင့် ရေထွက်နှင့် ရေအရင်းအမြစ်များ ခမ်းခြောက် လာသဖြင့် ရေအရင်းအမြစ်များ အန္တရာယ်ရှိမှု လတ်ဖြစ်သည်။ ဘက်ထရီဖြင့် ရှော့တိုက်ခြင်း၊ ပိုးသတ် ဆေးဘူးခွံများကို လယ်များ၊ ချောင်းများတွင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ငါးမျိုးကွဲများ ပြုန်းတီး လာကြပြီး အန္တရာယ်ရှိမှု မြင့်သည်။ အခြားတောရိုင်းတိရိစ္ဆာန်များမှာလည်း စည်းကမ်းကဲ့ မဆိုးလိုက် ခြင်း၊ တရုပ်ပြည်သို့

ရောင်းချခြင်းနှင့် ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ဂျို၊ တောဝက်၊ ဝက်ဝံ၊ သင်းခွေကြုပ်၊ တောကြောင်၊ တောကြက်၊ ဖွတ်၊ ငါး၊ လိပ် စသည်တို့မှာ အနည်းငယ်သာ ရှိပြီး ရှားပါးလာသည်။ သဘာဝမြေဆွေးပြုလုပ်ခြင်း၊ ဘယဆေးစိုက်ခင်းထူထောင်ခြင်း၊ ဘက်စုံပိုးမွှားကာကွယ်နှိမ်နှင်းနည်းသင်တန်းများ၊ ကျေးရွာလမ်းဆုံများတွင် အမှိုက်ခြင်းထားခြင်း/အမှိုက်သိမ်းယာဉ်ထူထောင်ခြင်း စသည်တို့လိုအပ်သည်။

(ဆ) ပညာရေး

**(ဆ-၁) ပညာရေးနှင့် စာတတ်မြောက်မှု**

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာ ပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|
| စာမတတ်သူဦးရေ | ၇၄ | ၁၁၂ | ၁၈၆ |
| မူလတန်းအဆင့်ရှိသူ ဦးရေ | ၉၂ | ၁၀၂ | ၁၉၄ |
| အလယ်တန်းအဆင့်ရှိသူ ဦးရေ | ၁၂၈ | ၁၁၅ | ၁၄၃ |
| အထက်တန်းအဆင့်ရှိသူ ဦးရေ | ၄၈ | ၅၂ | ၁၀၀ |
| တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ ဦးရေ | ၁၁ | ၁၂ | ၂၃ |

ရင်းမြစ် ... (၀) ဆယ်အိမ်စုဆွေးနွေးပွဲ၊

**မှတ်ချက်။** ။ ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ **ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော** အတန်းပညာ တက်ရောက်ပြီး/တက်ရောက်ဆဲသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ဖော်ပြပါအချက်နှင့် ကိုက်ညီချင်းမရှိခဲ့သော် ဇယားတွင် ဖြည့်သွင်းခြင်းမရှိဘဲ လေ့လာတွေ့ရှိချက်တွင်သာ မှတ်ချက်အနေဖြင့် ဖော်ပြရန် ဖြစ်ပါသည်။ အတန်းပညာပြီးမြောက်မှုဆိုသည်မှာ တစ်ဦးတစ်ယောက်၏ ဘဝတွင် သင်ယူလေ့လာခဲ့သော နောက် ဆုံးပညာရေးအဆင့်/ အခြေအနေကို ဆိုလိုပါသည်။

ဥပမာ - ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသူတစ်ယောက်သည် အဋ္ဌမတန်း (Grade 8) တွင် ပညာသင်ကြားနေသည်ဆိုသော် ထိုကျောင်းသူကို **"အလယ်တန်းအဆင့်ရှိသူဦးရေ"** တွင် ထည့်သွင်းရပါမည်။ ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသားတစ်ယောက်သည် တတိယတန်း (Grade 3) တွင် ပညာသင်ကြားနေသည် ဆိုသော်၊ သို့မဟုတ် **ရေးတတ်ဖတ်တတ်အဆင့်သာ (ဥပမာ - ဘုန်းကြီးကျောင်းထွက်)** ရှိသည်ဆိုသော် အဆိုပါကျောင်းသား/ အဆိုပါပုဂ္ဂိုလ်ကို **"မူလတန်းအဆင့်ရှိသူဦးရေ"** တွင်သာ ထည့်သွင်းရပါမည်။ **"ဘုန်းကြီးကျောင်းသင်ပညာရေး (ဘက-ကျောင်း)"**ကို ဆည်းပူးခဲ့၊ ဆည်းပူးဆဲသော ကျောင်းသူ/သားများကို သက်ဆိုင်ရာအတန်းပညာအဆင့်အလိုက် ထည့်သွင်းရပါမည်။ ယခုစာရင်းကောက်ယူချိန်တွင် အခြေခံပညာမူလတန်းပညာကို သင်ယူပြီးဆုံးသင့်သည့်အရွယ်ကို ကျော်လွန်ပြီးဖြစ်သော်လည်း စာလုံးဝမတတ်ပါက **"စာမတတ်သူဦးရေ"** တွင်သာ ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ၅ နှစ်အထက်လူဦးရေ (၈၃၁) ရှိသည့်အနက် စာမတတ်သူ ၁၈၆ ဦး (ကျား ၇၄ + မ ၁၁၂)၊ မူလတန်းအဆင့် အတန်းပညာပြီးမြောက်သူ ၁၉၄ (ကျား ၉၂၊ မ ၁၀၂) ဦး၊ အလယ်တန်းအဆင့် အတန်းပညာပြီးမြောက်သူ ၂၄၃ ဦး (ကျား ၁၂၈၊ မ ၁၁၅) ဦး၊ အထက် တန်းအဆင့် အတန်းပညာပြီးမြောက်သူ ၁၀၀ ဦး (ကျား၄၈၊ မ ၅၂) ဦး၊ တက္ကသိုလ်၊ ကောလိပ်အဆင့် အတန်းပညာ ပြီးမြောက်သူ (၂၃) (ကျား ၁၁၊ မ ၁၂) ဦးရှိသဖြင့် ကျေးရွာ၏ စာတတ်မြောက် မှုအခြေအနေ အသင့်တင့် ကောင်းမွန်သည်ကို တွေ့ရှိရပြီး အမျိုးသမီးများသည် အမျိုးသားများထက် ပညာ တတ် မြောက်သူဦး ရေပိုများသည်ကို တွေ့ရသည်။ ဤသို့ဖြစ်ရသည်မှာ အမျိုးသားများမှာ အရွယ် ရောက်လာပါက မိသားစုဝင်ငွေနှင့် စားဝတ်နေရေးအတွက်

Scanned by CamScanner

ကျောင်းထွက်အလုပ်လုပ်ကြရပြီး ပညာ ဆက်လက်သင်ကြားနိုင်ခြင်းမရှိသောကြောင့် အမျိုးသားများသည် အမျိုးသမီးများထက် ပညာတတ်ဦး ရေနည်းပါရခြင်းဖြစ်သည်။ အမျိုးသား/အမျိုးသမီး တန်းတူ ပညာသင်ကြားခွင့် ရကြသည်ကိုလည်း တွေ့ရသည်။

**(ဆ-၂) ကျောင်းတက်နှုန်း**

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူကြို<br>KG တန်း<br>မူလတန်း | ၅၂ | ၅၇ | ၁၀၉ |
| အလယ်တန်း | ၄၇ | ၃၄ | ၈၁ |
| အထက်တန်း | ၁၅ | ၂၀ | ၃၅ |
| တက္ကသိုလ်/ကောလိပ် | ၈ | ၁၃ | ၂၁ |

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ **ဖာကေ**ကျေးရွာတွင် မူလတန်းကျောင်းသားအရွယ် ၁၂၂ ဦးရှိသည့်အနက် လက်ရှိ မူလတန်းတက်ရောက်သူမှာ ၁၀၉ ဦးတက်ရောက်နိုင်သဖြင့် ၈၉.၃% သာ ကျောင်းတက်နိုင်သည်ကို တွေ့ရသည်။ အလယ်တန်းကျောင်းသားအရွယ် ၁၁၁ ရှိသည့်အနက် လက်ရှိ အလယ်တန်းကျောင်းတက်သူမှာ ၈၁ ဦးသာ ရှိပြီး ၇၂..၉% သာ ကျောင်းတက်နိုင်သည်။ အကြောင်းမှာ မိဘများဆင်းရဲသောကြောင့် အချို့ကျောင်းနေအရွယ်ကလေးများ ပြည်တွင်း/ပြည်ပ (တရုပ်) သို့ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ပြီး မိသားစုဝင်ငွေအတွက် အလုပ်လုပ်နေကြရသောကြောင့် ကျောင်းဆက်မ တက်နိုင်ကြသည်ကို တွေ့ရသည်။ အထက်တန်းကျောင်းသား ဦးရေမှာ (၃၅) ရှိပြီး တက္ကသိုလ်/ကောလိပ် တက်ရောက်နေသူ (၂၁) ဦး ရှိသည်ကို ကြည့်ခြင်းဖြင့် ကျေးရွာ၏ ပညာရေးအခြေအနေမှာ အသင့်အတင့် ရှိကြောင်းတွေ့ရသည်။

**(ဆ-၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ**

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| က။ ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☒<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |
| ခ။ ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ☒ | ၀ မှ ၁ မိုင် ☐ | ၀ မှ ၁ မိုင် ☐ |

Scanned by CamScanner

<table>
<tr><th>အကြောင်းအရာ</th><th colspan="3">(၁)</th><th colspan="3">(၂)</th><th colspan="3">(၃)</th></tr>
<tr><td></td><td colspan="3">၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td><td colspan="3">၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td><td colspan="3">၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td></tr>
<tr><td>ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု</td><td colspan="3">ခြေလျင် ☒<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐</td><td colspan="3">ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐</td><td colspan="3">ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐</td></tr>
<tr><td>ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*</td><td colspan="3">ကျောင်းဆောင်၃ ဆောင်<br>၆၀ ၃၀ =၁၈၀၀ စပ<br>၄၀ ၃၀=၁၂၀၀ စပ<br>၈၀ ၃၀ = ၂၄၀၀ စပ<br>စုစုပေါင်း ၅၄၀၀<br>စတုရန်ပေရှိသည်။</td><td colspan="3"></td><td colspan="3"></td></tr>
<tr><td>င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး</td><td colspan="3">ကောင်း☐ သင့်☒ ညံ့☐</td><td colspan="3">ကောင်း☐ သင့်☐<br>ညံ့☐</td><td colspan="3">ကောင်း☐ သင့်☐ ညံ့☐</td></tr>
<tr><td>စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု</td><td colspan="3">လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☒</td><td colspan="3">လုံလောက်မှုရှိသည်<br>☐<br>မလုံလောက်ပါ<br>☐</td><td colspan="3">လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐</td></tr>
<tr><td>ဆ။ ကျောင်းအိမ်သာ အခြေအနေ</td><td colspan="3">ကောင်း ☐ သင့် ☒<br>ညံ့ ☐ မရှိ ☐</td><td colspan="3">ကောင်း ☐ သင့်<br>☐<br>ညံ့ ☐ မရှိ<br>☐</td><td colspan="3">ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐</td></tr>
<tr><td>ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု</td><td colspan="3">တိုက်ကျွေးမှုရှိသည်☒<br>တိုက်ကျွေးမှု မရှိပါ ☐</td><td colspan="3">တိုက်ကျွေးမှုရှိသည်<br>☐<br>တိုက်ကျွေးမှု မရှိပါ<br>☐</td><td colspan="3">တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐</td></tr>
<tr><td>ဉ။ ကျောင်းဆရာ/မ ဦးရေ</td><td>ကျား</td><td>မ</td><td>ပေါင်း</td><td>ကျ<br>ား</td><td>မ</td><td>ပေါင်း</td><td>ကျား</td><td>မ</td><td>ပေါင်း</td></tr>
<tr><td>အစိုးရခန့်</td><td>၁</td><td>၁၅</td><td>၁၆</td><td></td><td></td><td></td><td></td><td></td><td></td></tr>
<tr><td>ကျေးရွာခန့်</td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td></tr>
</table>

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အလယ်တန်းကျောင်းအဆင့်ထိရှိပြီး ကျေးရွာတွင် မူလတန်းနှင့် အလယ်တန်းကျောင်းနေအရွယ် ဦးရေမှာ (၂၃၃) ရှိသော်လည်း လက်ရှိကျေးရွာမှ ပညာတက်ရောက်သင်ကြားသူမှာ မူလတန်း+ အလယ်တန်း (၁၉၀) သာရှိသည်။ လက်ရှိကျောင်းသား ဦးရေမှာလည်း ၃၇၆ ဦး(မူလတန်း ၁၄၆ + အလယ်တန်း ၂၃၀) ရှိသည်။ ကျေးရွာရှိကျောင်း သားဦးရေ ထက် ပိုများနေရခြင်းမှာ ဘေးရွာမှကလေးများလည်း လာရောက်ပညာသင် တက်ရောက်နေသော ကြောင့် ဖြစ်သည်။ လက်ရှိ ကျောင်းဆောင် ၃ ခုပေါင်းအကျယ်အဝန်းမှာ ၅၄၀၀ စတုရန်းပေ ရှိသောကြောင့် စာသင်ကျောင်းဆောင် အကျယ်အဝန်းလုံလောက်မှုရှိသော်လည်း KG တန်းနှင့် တန်းခွဲ များသောကြောင့် အဆောက်အဦးလုံလောက်မှုမရှိပါ။ ဆရာ/ဆရာမ ဦးရေ အစိုးရခန့် ၁၆ ဦး (ကျား ၁ + မ ၁၅) ယောက်ရှိသဖြင့် ဆရာ/ဆ ရာမ အရေအတွက်အားဖြင့် လုံလောက်မှုရှိပါသည်။ ကျောင်းအိမ် သာ အခြေအနေ အသင့်အတင့် ကောင်းမွန်သော်လည်း

Scanned by CamScanner

(ကျား/မ နှင့် ဆရာ/ဆရာမ) သုံးသီးခြားအသုံး ပြုရန် လုံလောက် မှုမရှိပါ။ ကျောင်းအ ဟာရ တိုက်ကျွေးမှု ရှိပါသည်။ ကျောင်းသောက်ရေရှိသော်လည်း သောက်ရေသန့်မရပါ။

**(ဆ-၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ**

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက် | ☒ | မလုံလောက် | ☐ | | | | |
| တပည့် - ဆရာ အချိုး | ၄၀: ၁ အောက် | ☒ | ၄၀: ၁ အထက် | ☐ | | | | |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ | ☐ | နည်း | ☒ | လတ် | ☐ | များ | ☐ |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | ရှိ | ☐ | မရှိ | ☒ | | | | |
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | လုံလောက် | ☐ | မလုံလောက် | ☒ | | | | |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | မြင့် | ☐ | အသင့်အတင့် | ☒ | | | | |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု | မရှိ | ☒ | နည်း | ☐ | | | | |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကောင်း | ☐ | သင့် | ☒ | ညံ့ | ☐ | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ တပည့်ဆရာအချိုးမှာ ၄၀း ၁ အောက်ရှိသောကြောင့် ဆရာ/ဆရာမ လုံလောက်မှုရှိသည်။ မသန်စွမ်းသူများအတွက် ပညာရေးအထူး အစီအစဉ် မရှိပါ။ ကျောင်းသုံး စာအုပ် နှင့် စာရေးကရိယာလုံလောက်မှုမရှိ။ ဆင်းရဲသော မိသားစုများ အတွက် ကျောင်းစရိတ် မတတ်နိုင်မှုမှာ အသင့်အတင့်ရှိသည်။ ကျောင်းတွင် အားကစားကွင်းရှိသော် လည်း အားကစား ပစ္စည်း လုံလောက်မှု မရှိပါ။ မိဘဆရာအသင်း၏ အခန်းကဏ္ဍ အသင့်အတင့်သာ ကောင်းသည်။

**(ဇ) ကျန်းမာရေးနှင့် အာဟာရ**

**(ဇ-၁) အဖြစ်များသော ရောဂါများ**

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်☒ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်☒ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☒ | မရှိ☐ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☒ | မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☒ | မရှိ☐ |
| ၆ | တီဘီ | မြင့်☐ | နိမ့်☒ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☒ | နိမ့်☐ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☒ | နိမ့်☐ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☒ | နိမ့်☐ | မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☒ | မရှိ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☒ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေး ဌာန/ ကျေးလက်ကျန်းမာရေး ဌာနခွဲ။

Scanned by CamScanner

**လေ့လာတွေ့ရှိချက်။** ။ အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွါးမှု၊ သွေးလွန်တုတ်ကွေး၊ ငှက်ဖျားရောဂါများ၊ အသက်ရှူလမ်းကြောင်းကူးစက်မှုရောဂါ၊ အိပ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် ရောဂါများ၊ တီဘီရောဂါ၊အဟာရချို့တဲ့မှု ဖြစ်ပွါးမှု နိမ့်သည်။ ဟင်းချိုမှုန့် အလွန်အကျွံသုံးခြင်း၊ ဓါတုဆေးဝါးပါသော အသားငါး၊ ဟင်းသီး/ ရွက်နှင့် အသီးများ၊ အရောင်ချွတ်ဆေးပါ သော အစားအစာများကို နေ့စဉ် မလွဲမရှောင်သာ စားသောက်နေရခြင်း၊ ကျန်းမာရေးလေ့ကျင်းခန်းပြု လုပ်သည့် အလေ့အထမရှိခြင်းတို့ကြောင့် ဆီးချို၊ သွေးတိုး ရောဂါမှာ အဆိုးဆုံးဖြစ်ပွါးပြီး ကျန်းမာရေး ဆေးကုသစရိတ် ကုန်ကျမှုများကြသည်။ အသည်းရောင် ရောဂါ(ဘီ၊စီ) မှာလည်း အသက်ရှူလမ်း ကြောင်းမှတဆင့် ကူးစက်ခြင်းနှင့် လူအသုံးအဆောင်များကို ရောဂါရှိသူများ နှင့် အတူသုံးစွဲရာမှတဆင့် အလွယ်တကူ ကူးစက်နိုင်သောကြောင့် အသည်းရောင်ရောဂါ (ဘီ၊စီ) အဖြစ် များသည်။ ကျေးရွာတွင် အခြားကူးစက်နိုင်သော ရောဂါများမရှိပါ။ ကျန်းမာရေးဗဟု သုတလည်း အားနည်းသည်။ ထို့ကြောင့် ကျေးရွာကျန်းမာရေးအနေဖြင့် ကျန်းမာရေးပညာပေးသင်တန်း၊ ကျန်းမာရေး လေ့ကျင့်ခန်းသုံးကရိ ယာများ လိုအပ်လျက်ရှိပြီး စားသုံးသူရပိုင်ခွင့် ဥပဒေပြဌာန်းပေးရန်လိုအပ် ပါသည်။

### (ဇ-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | Â | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | Â | |
| ၃ | ပိုလီယိုရောဂါ | Â | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | Â | |
| ၅ | ဝက်သက်ရောဂါ | Â | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | Â | |
| ၇ | အဟာရမှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | Â | |
| ၈ | အာဟာရ ပညာပေးအစီအစဉ် | | Â |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကာကွယ်ဆေးများကို ပုံမှန်ထိုးပေးလေ့ရှိသော်လည်း အာဟာရ ပညာပေးအစီအစဉ်မရှိသောကြောင့် အိမ်ထောင်ရှင်များ ကျန်းမာရေးနှင့် ညီညွတ်စွာချက်ပြုတ်၊ စား သောက်နိုင်မှုမရှိသောကြောင့် မိသားစုများကျန်းမာရေး အားနည်းသည်။

### (ဇ-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁ဝ မိုင် ☐ | ရှိ ☐<br>မရှိ ☒ |

Scanned by CamScanner

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| | ၁၀ မိုင်အထက် ☐ | |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☒<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☒ ဒေါ့ဖုန်းယန်<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☒ | ရှိ ☒<br>မရှိ ☐<br>ဗန်းမော်တွင်ရှိပြီး မိုင် ၄၀ ကျော်ဝေးသည်။ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် ရှိသည် ☒<br><br>ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် မရှိပါ ☐ | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားသည် ☐<br><br>ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားခြင်း မရှိပါ ☒ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ဖာကေကျေးရွာနှင့် ကျေးရွာအုပ်စုအတွင်းတွင် ကျေးလက်ဆေးခန်းမရှိဘဲ အနီးဆုံး ဒေါ့ဖုန်းယန်ကျေးရွာတွင် ရှိပြီး ၁-၃ မိုင်ခန့် အကွာအဝေးတွင်ရှိသည်။ အချိန်မတော် အရေးပေါ် ကိစ္စဖြစ်ပါက ကျေးရွာတွင် ကျွမ်းကျင်သူမရှိ။ တိုက်နယ်ဆေးရုံမရှိ၊ မြို့နယ်ဆေးရုံမှာ မိုးမောက်/ ဗန်းမော်မြို့တွင်တည်ရှိပြီး ၄၀ မိုင်ကျော် ကွာဝေးသည်။ လမ်းကောင်းသော်လည်း အရေးပေါ်သွား လာ ရန် ယဥ်မရှိသောကြောင့် အရေးပေါ်ကိစ္စများအတွက် များစွာအခက်အခဲရှိသည်။ ထို့ကြောင့် အရေး ပေါ်ယဉ်၊ အရံသားဖွါး သင်တန်း၊ ရှေးဦးသူနာပြု သင်တန်းများလိုအပ်သည်။

**(ဈ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

(ဈ-၁) သောက်သုံးရေ ရရှိမှု

ဇယား (၁၇) သောက်သုံးရေ ရရှိနိုင်မှု

| **ရေရရှိနိုင်မှု** | **အသုံးပြု သော အိမ်ထောင်စု** | **သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု** (စနစ်တကျ စမ်းသပ် စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | **ရေ အရည်အသွေး** (သောက်သုံးရေ အရည် အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို) | **သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ** (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | ၂၈ | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/ | ၇ | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐ |

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| စက်တပ် ( ) | | | | မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/ တုံကင် | ၁၂၈ | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မိုးရေ သိုလှောင်ကန် | ၈ | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မြစ်/ချောင်းရေ | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| ရေကန် | ၁၂ | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| စိမ့်စမ်းရေ | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

ရင်းမြစ်…(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ဖာကေကျေးရွာတွင် သောက်ရေတွင်း( ၂၈) တွင်း၊ အဝီစိတွင်းစက်တပ် ၇ တွင်း၊ အဝီစိတွင်းတုံကင် (၁၂၈) နှင့် ကိုယ်ပိုင်ရေကန် ၁၂ ခုရှိသော်လည်း ရေအရည်အသွေး ကောင်း/မကောင်း မသိကြပါ။ ထို့ကြောင့် သောက်ရေအရည်အသွေးစစ်ဆေးရန်လိုအပ်သည်။ အချို့ သောက်ရေတွင်းများမှာ မိုးနှင့်ဆောင်းသာ ရေလုံလောက်မှုရှိပြီး နွေရာသီတွင် လုံလောက်မှုမရှိပါ။ ထို့ကြောင့် ၁၀ မိုင်ကျော်ကွာဝေးသော နေရာမှ စိမ့်စမ်းရေ သွယ်ယူရန် လိုအပ်တင်ပြကြသည်။

**(၅-၂) သန့်ရှင်းရေး အခြေအနေ** (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| **သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား** | **သုံးစွဲနိုင်သော အိမ်ထောင်စု** |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၉၈ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၈ |

Scanned by CamScanner

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | ၂ |

ရင်းမြစ်… (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ဖာကေကျေးရွာတွင် ၂၁၈ အိမ်ရှိသည့်အနက် ရေ လောင်း/ယင်လုံ အိမ်သာသုံးစွဲသူ ၁၉၈ အိမ်၊ တွင်းအိမ်သာသုံးစွဲသူ ၈ အိမ်နှင့် အိမ်သာမရှိသူ ၂ အိမ်ရှိ သဖြင့် ကျေးရွာ အနေဖြင့် ယင်လုံအိမ်သာသုံးစွဲနိုင်မှု ၉၅.၄% သုံးစွဲနိုင်သည်ကို ကြည့်ခြင်းအားဖြင့် ယင်လုံအိမ်သာ သုံးစွဲနိုင်မှုရှိသည်ကို တွေ့ရနိုင်သည်။ ကျန်အိမ်များမှာလည်း အခြားဘေးအိမ်ရှိ အိမ်သာများကို ပေါင်း စပ်အသုံးပြုနေကြခြင်းဖြစ်သည်။

**(ည) ကျား – မ ရေးရာ**

ဇယား (၃၉) ကျား – မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☐ | မရှိ ☒ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ☒ | မရှိ ☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ရှိ ☐ | မရှိ ☒ |
| ၄ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ရှိ ☐ | မရှိ ☒ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင် မှု ခေါင်းဆောင်မှု မရှိသေးပါ။ လူထုမှ ရွေးချယ်တင်မြှောက်ကြသော်လည်း အမျိုးသမီးများ မိမိကိုယ်မိမိ ယုံကြည်မှု အားနည်းနေသေးသောကြောင့် တာဝန်ယူနိုင်ခြင်းမရှိသေးပါ။ ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်း များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသော်လည်း လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းက လေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများနှင့် လွန်ခဲ့သောနှစ် အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိကြသော်လည်း အိမ်တွင်းအကြမ်းဖက်မှု (အရက်မူးလာပါက ဇနီးနှင့် သားသမီး များကို ရိုက်နှက်ခြင်း၊ ဆဲဆိုခြင်း၊ အနိုင် ကျင့်ခြင်း များရှိသည်။ ထို့ကြောင့် အမျိုးသမီးများစွမ်းဆောင် ရည်မြှင့်တင်ရေးသင်တန်းများ၊ အိမ်တွင်း အကြမ်းဖက်မှု ကာကွယ်တားဆီးရေးသင်တန်းနှင် ဥပဒေများ နှင့် အသက်မွေးသင်တန်းများကို အမြင့်ဖွင့် သင်ကြားခြင်းများ လိုအပ်သည်။

**(ဋ) အခြေခံ အဆောက်အဦများ အခြေအနေ**

**(ဋ-၁) ကျေးရွာ၏ လမ်းတည်ရှိမှု**

Scanned by CamScanner

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☒ ၂☐<br>၃☐ ၄☐ ၅☐ | ကောင်း:☐<br>သင့် ☐<br>ညံ့ ☒ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ်☒<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး☒ | ၀-၁ မိုင် ☐<br>၁-၅ မိုင် ☒<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☐ ၂☐ ၃☐<br>၄☐ ၅☒ | ကောင်း:☐<br>သင့် ☐<br>ညံ့ ☒ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ်<br>☒<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး☒ | ၀-၁ မိုင် ☐<br>၁-၅ မိုင် ☒<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☐ ၂☒<br>၃☐ ၄☐ ၅☒ | ကောင်း:☐<br>သင့် ☐<br>ညံ့ ☒ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး☒ | ၀-၁ မိုင် ☐<br>၁-၅ မိုင် ☒<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများနှင့် ကျောက်ချောလမ်းများဖြစ်ပြီး ပျက်စီးမှုများရှိ သဖြင့် ပြုပြင်ရန်လိုအပ်သည်။ ကျေးရွာချဉ်းကပ်လမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး ညံ့သည်။ အရှည် ၁-၅ မိုင်ကျော်ခန့် ရှည်လျားသည်။ ရွာချင်းဆက်လမ်းမှာလည်း ကျောက်ချောလမ်းနှင့် ကတ္တရာလမ်းဖြစ်ပြီး ညံ့သည်။ လမ်းသက်တမ်းမှာ ၅ နှစ်အထက်ကြာမြင့်ပြီးဖြစ်ပြီး ၁-၅ မိုင်ခန့် ရှည်လျားသည်။ ပြုပြင်ရန်လို အပ်သည်။ ကျေးရွာ၏ အခက်အခဲမှာ ကုန်ထုတ်လမ်းမရှိသောကြောင့် စိုက်ပျိုးထုတ်ကုန်များ စိုက်ကွင်းမှ သယ်ယူရာတွင် များစွာအခက်အခဲရှိသည်။ လမ်းဖေါက်လုပ်မည့် နေရာကိုလည်း မြေပိုင်ရှင်များနှင့် ဆွေးနွေးညှိနှိုင်းသဘောတူပြီးဖြစ်သောကြောင့် **ကုန်ထုတ်လမ်းဖေါက်** လုပ်ပေးရန် အထူးလိုအပ်နေပါသည်။

**(၄-၂) ကျေးရွာ၏ တံတားတည်ရှိမှု**

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | | ကောင်း: ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကွန်ကရစ် တံတား | ၈ ပေ ၆ ပေ ၅ ပေ<br>တံတား (၅) ခု | ကောင်း: ☐<br>သင့် ☒<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☒<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☒ |
| သစ်သား တံတား | | ကောင်း: ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကြိုးတံတား | အလျား ၁၈၀ပေ၊ | ကောင်း: ☐ | ၆လမှ ၁နှစ် ☐ | မိုးရာသီလယ်ကွင်းသို့ ☒ |

Scanned by CamScanner

| တဲတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| | အကျယ် ၈ ပေ၊ အမြင့် ၂၀ ပေ | သင့် ☐<br>ညံ့ ☒ | ၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☒ | တစ်နှစ်ပတ်လုံး ☐ |
| ဝါးတဲတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေပြွန် | | ကောင်း ☐<br>သင့် ☒<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☒<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☒ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ **ဖာကေ**ကျေးရွာတွင် အလျား ၈’ အနံ ၆’ အမြင့် ၅’အရွယ်ရှိ ကွန်ဂရစ်တံတား ၅ စင်းရှိသည်။ လွန်ခဲ့သော ၂- ၅ နှစ်ကျော်က တည်ဆောက်ခဲ့ကြသည်။ လက်ရှိအခြေအနေမှာ အသင့်အတင့် ကောင်းမွန်သည်။ နမ့်ဝိုင်ချောင်း ကြိုးတံတားမှာ အလျား ၁၈၀ ပေ၊ အနံ ၈ ပေနှင့် အမြင့် ၂၀ ပေရှိသည်။ လွန်ခဲ့သော ၅ နှစ်ကျော်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအခြေအနေမှာ ညံ့ဖြစ်သည်။ ထိုကြိုးတံတားမှာ လယ်ကွင်းသို့သွားရာတွင် မရှိမဖြစ်လိုအပ်သည့် ကုန်ထုတ်လမ်းပေါ်တွင် တည်ရှိသည်။ ထို့ကြောင့် **နမ့်ဝိုင်ချောင်းကြိုးတံတားတည်ဆောက်/ပြုပြင်** ရန်လိုအပ်သည်။

**(၄-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး**

**ဇယား (၄.၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး** (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ အသုံးမပြုပါ အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ဝ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ဝ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ၁ – လှေ၊ သမ္ဗာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

**လေ့လာတွေ့ရှိချက်။** ။ **ဖာကေ**ကျေးရွာတွင် ရေကြောင်း သွားလာမှုမရှိကြပါ။

Scanned by CamScanner

**(၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | | | ၆၃ | ၂၅၀ | ၃ | ၁၁၇ | ၁၅ | | |

ရင်းမြစ်…(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊

**လေ့လာတွေ့ရှိချက်။** ။ဖာကေကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် ၊ စက်ဘီး ၆၃ စင်း၊ မော်တော်ဆိုင်ကယ် ၂၅၀ စီး၊ သုံးဘီးဆိုင်ကယ် ၃ စီး၊ ထော်လာဂျီ ၁၁၇ စီး၊ ကား ၁၅ စီးရှိသည်။ သယ်ယူပို့ဆောင်ရေယာဉ်လုံလောက်မှု ရှိသော်လည်းသွားလာရန် လိုအပ်ပါက စင်းလုံးငှါးသွားလာ နေရသောကြောင့် ကုန်ကျစရိတ်များသည်။ အချိန်မရွေးအရေးပေါ်သွားလာရန်လိုအပ်ပါက အခက် အခဲရှိသည်။ ထို့ကြောင့် **အများပြည်သူသုံး ဘတ်စ်ကားလိုင်းပြေးဆွဲပေးပါရန်နှင့်** ဆိုင်ကယ်နှင့် သုံးဘီး ဆိုင် ကယ်ထူထောင်ပေးပါရန် တင်ပြအပ်ပါသည်။

**(၅) လျှပ်စစ်မီးရရှိမှု**

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | ၇၆ | ကောင်း☐ သင့်☒ ညံ့☐ မဖြေဆို☐ | ရှိ☐ မရှိ☐ |
| ဆိုလာစနစ် | ၁၂၅ | ကောင်း☐ သင့်☒ ညံ့☐ မဖြေဆို☐ | ရှိ☐ မရှိ☐ |
| အသေးစားရေအားလျှပ်စစ် | | ကောင်း☐ သင့်☐ ညံ့☐ မဖြေဆို☐ | ရှိ☐ မရှိ☐ |
| ဒီဇယ်သုံးအင်ဂျင် | | ကောင်း☐ သင့်☒ ညံ့☐ မဖြေဆို☐ | ရှိ☐ မရှိ☐ |
| လေစွမ်းအင် | | ကောင်း☐ သင့်☐ ညံ့☐ မဖြေဆို☐ | ရှိ☐ မရှိ☐ |
| ဇီဝလောင်စာ | | ကောင်း☐ သင့်☐ ညံ့☐ မဖြေဆို☐ | ရှိ☐ မရှိ☐ |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | | ကောင်း☐ သင့်☐ ညံ့☐ မဖြေဆို☐ | ရှိ☐ မရှိ☐ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော အခြား | ၁၇ | ☒ | ☒ |

ရင်းမြစ်… (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျပ်စစ်မီသုံးစွဲသူ အိမ်ထောင်စု ၇၆ (၃၅%)သာ မဟာဓါတ်အားလိုင်းမှ လျပ်စစ်မီးကို အသုံးပြုနိုင်ကြပြီး၊ ဆိုလာစနစ်သုံးစွဲသူ ၁၂၅ အိမ်ထောင်စု၊ အခြားသုံးစွဲသူ အိမ်ထောင်စု ၁၇ ခန့် ရှိ သည်။

လျပ်စစ်မီးသုံးစွဲရာတွင် မီးခဏခဏပျက်လေ့ရှိပြီး မီတာခမှာလည်း အသုံးပြုမှုကို လစဉ်ပုံမှန် မီတာမဖတ်သောကြောင့် မီတာခများသည်။

ဆိုလာစနစ်သုံးစွဲသူ ၁၂၅ အိမ်ထောင်စုရှိပြီး ရာသီဥတုမကောင်းပါက အားမပြည့်ပါ။ စာကြည့် မီးအတွက်သာသုံးရပြီး ကျန်အိမ်သုံးလျပ်စစ်ပစ္စည်းများအသုံးပြုမရနိုင်သောကြောင့် အခက်အခဲများ ရှိ သည်။

ကျန် အိမ်ထောင်စု ၁၇ ခန့်မှာ ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက်များ အသုံးပြုရသောကြောင့် စာကြည့်မီး အလင်းရောင်သာရရှိပြီး အလင်းရောင်လုံလောက်မှုမရှိ၊ မီးဘေးအန္တရာယ်ရှိသည်။ ထို့ကြောင့် ကျန်မီးသွယ်တန်းရန် မတတ်နိုင်သော ၁၄၂ အိမ်ကို ဆင်းရဲသားမီးလင်းရေး

Scanned by CamScanner

အရစ်ကျစနစ်ဖြင့် ဆောင်ရွက်ပေးရန်နှင့် မီးအားမပြည့်ခြင်း၊ မီတာအသုံးပြုမှုကို လစဉ်ပုံမှန်မဖတ်သဖြင့် မီးအသုံးပြုမှု ကုန်ကျမှု ပိုမိုများနေခြင်း စသည့်အခက်အခဲများ ရှိသည်။

**(၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ**

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| **စဉ်** | **ဖုန်း** | **ရေဒီယို** | **တီဗွီ** | **ဂြိုလ်တုစလောင်း** |
|---|---|---|---|---|
| **အရေအတွက်** | ၃၀၀ | ၅ | ၇၈ | ၄၂ (ပီအက်စ်အိုင်) |

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊

**လေ့လာတွေ့ရှိချက်။** ။ဖာကေကျေးရွာတွင် တယ်လီဖုန်းအရေအတွက် ၃၀၀ လုံးရှိပြီး အမ်ပီတီ၊ တယ်လီနောနှင့် အမ်အီးစီ ၃ မျိုးစလုံးလိုင်းမိသော်လည်း အမ်ပီတီလိုင်းမကောင်းသဖြင့် ဆက်သွယ်ရေးတာဝါတိုင် တိုးချဲ့ပေးရန်လိုအပ်သည်။ တယ်လီနော လိုင်းကောင်းသည်။ တယ်လီဖုန်းကို အိမ်တိုင်း လိုလို အသုံးပြုနိုင်ကြပြီး အင်တာနက်လိုင်းအသုံးပြုကြသော်လည်း ဖေ့စ်ဘုတ်နှင့် ဗိုက်ဗာကဲ့သို့ လူမှု ကွန်ယက်များကိုသာ အသုံးပြုကြသည်။ အရေးကြီးသည့် သတင်း၊နိုင်ငံရေး၊ စီးပွားရေးနှင့် အခြားလေ့ လာ စရာများကို အကျိုးရှိစွာ အသုံးပြုနိုင်ခြင်းမရှိကြသေးပါ။ တယ်လီဖုန်းအသုံးပြုရာတွင်လည်း ဖုန်းဘေလ်မှာ အသုံးပြုသည်ထက် ငွေဖြတ်တောက်မှုများ ခံစားနေကြရသော်လည်း အရေးယူဆောင် ရွက်မှုမရှိဘဲ ပြည် သူများ နစ်နာမှုများရှိသဖြင့် **သက်ဆိုင်ရာမှ စီစစ်အရေးယူပေးရန်** တင်ပြအပ်ပါသည်။

ရေဒီယို (၅) လုံးသာ အသုံးပြုနေကြပြီး ယေဘူယျအားဖြင့် အသုံးပြုသူနည်းနေသည်ကိုတွေ့ ရသည်။ အသုံးပြုသူ နည်းရခြင်းမှာ ရေဒီယိုကို မြန်မာဘာသာဖြင့်သာ ထုတ်လွှင့်ပေးသောကြောင့် ဘာသာစကားအခက်အခဲရှိခြင်း၊ သတင်းများ အချိန်မီမထုတ်လွှင့်နိုင်ခြင်းနှင့် သတင်းများ အပေါ် ဒေသ ခံတိုင်းရင်းသားများအနေဖြင့် အဖြစ်မှန်နှင့်ကွဲလွဲမှုများရှိသဖြင့် လက်ရှိသတင်းထုတ်လွှင့်မှုများကို ယုံ ကြည်မှု နည်းကြသည်။ ထို့ကြောင့် **တိုင်းရင်းသာရေဒီယိုအသံလွှင့်ဌာနများ ထူထောင်ရန်** တင်ပြအပ် ပါသည်။

တီဗီ ၇၈ လုံးနှင့် ဂြိုလ်တုစလောင်း (PSI) လိုင်းများ အသုံးပြုကြသော်လည်း ဖျော်ဖြေမှု၊ ပညာ ပေးမှု၊ သတင်းပေးပြန်ကြားမှု အားနည်းပြီး ကြော်ငြာများသာ အများဆုံးထုတ်လွှင့်ပေးနေသောကြောင့် ကြည့်ရှုသူများ အချိန်များစွာပေးရပြီး အကျိုးရှိမှုနည်းသည်။ ၄င်းအပြင် လူအများစိတ်ဝင်စားသော အားကစား ဗိုလ်လုပွဲများ၊ ကမ္ဘာ့ဖလားပွဲများနှင့် လက်ဝှေ့ပွဲများကို စကိုင်းနက်မှ လက်ဝါးကြီးအုပ် ထုတ်လွှင့်ပေးနေခြင်းနှင့် ညအချိန်မရှိ အားကစားပွဲများအား လူအများမှာ ရုပ်မြင်သံကြားရှိသော်လည်း ကြည့်ရှုနိုင်ခြင်းမရှိကြပါ။ ထို့ကြောင့် ၄င်းပွဲများကို **အများပြည်သူသုံး ရုပ်မြင်သံကြားလိုင်းများမှ အခမဲ့ ထုတ်လွှင့်ပေးပါရန်** တင်ပြအပ်ပါသည်။

**(ဃ) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး**

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| **ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ** | **ဝန်ဆောင်မှု** |
|---|---|
| လူငယ်များ အနားယူ အပန်းဖြေရန် နေရာများ ပျော်ပွဲရွှင်ပွဲများ ရှိခြင်း | ရှိ ☒ မရှိ☐ မဖြေဆိုပါ☐ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☒ သင့်☐ ညံ့☐ မဖြေဆိုပါ☐ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☒ သင့်☐ ညံ့☐ မဖြေဆိုပါ☐ |
| အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာ | ကောင်း☐ သင့်☐ ညံ့☐ မဖြေဆိုပါ☒ |

Scanned by CamScanner

| **ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ** နှင့် အထောက်အကူပြုပစ္စည်းများ ရှိခြင်း | **ဝန်ဆောင်မှု** |
|---|---|
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☐ သင့်☒ ညံ့☐ မဖြေဆိုပါ☐ |
| ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်မှု | မရှိ ☐ နည်း ☒ များ☐ |
| စိတ်ဝင်စားရာများကို မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်မည့် နေရာများ၊ လူငယ်ရိပ်သာများ၊ စာကြည့်တိုက်များ စသည် တို့တွင် ဝင်ရောက် လေ့လာသင်ယူနိုင်ခြင်း | ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☐ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဖာကေကျေးရွာတွင် လူငယ်များအနားယူအပန်းဖြေရန် သီးသန့်နေရာမရှိကြပါ။ အများစုမှာ တီဗီ (ရုပ်မြင်သံကြားကြည့်ခြင်း၊ အက်ဖ်အမ်ရေဒီယို နားထောင်ခြင်း၊ သီချင်းနားထောင်ခြင်းဖြင့် အပန်းဖြေလေ့ရှိကြသည်။ တီဗီရုပ်မြင် သံကြားကြည့်ရှုသည့်အခါ အများ ပြည်သူကြည့်ရှုနိုင်သော ရုပ်သံအစီအစဉ်များမှာ ကြော်ညာများသာ ထုတ်လွှင့်နေပြီး ပညာပေးအစီအစဉ်၊ ဖျော်ဖြေမှု အစီအစဉ်အရမ်းနည်းပြီး အချိန်အရမ်းကုန်သည်။ လူငယ်များ အလွန်စိတ်ဝင်စားသော ဘောလုံးဗိုလ်လုပွဲ၊ လက်ဝှေ့ပွဲ၊ ကမ္ဘာဖလားဘော်လုံးပွဲများမှာ ညအချိန် မတော် ကစားပွဲဖြစ်လေ့ရှိပြီး ၄င်းပွဲများကို စကိုင်းနက်မှသာ ထုတ်လွှင့်ပေးသောကြောင့် လူငယ်များ ကြည့်ရှုရန်များစွာအခက်အခဲရှိသည်။လူငယ်များ မဖြစ်မနေကြည့်ရှုလိုပါက ဘီယာဆိုင်၊ လဘက်ရည်ဆိုင်များသို့ ညအချိန်မတော် သွားရောက် ကြည့်ရှုကြရသဖြင့် မလိုလား အပ်သော အရက်ဘီယာသောက်သုံးခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ယဉ်တိုက်မှုဖြစ်ခြင်းများ မကြာခဏကြုံရသည်။ ငွေကြေးကုန်ကျမှုများလည်းရှိသည်။ ထို့ကြောင့် လူငယ်များစိတ်ဝင်စားသော **အားကစားပွဲများကို အများပြည်သူကြည့်ရှုသည့် ရုပ်သံလိုင်းများမှ ထုတ်လွှင့်ပေးရန်** တင်ပြကြ သည်။

လူငယ်များလူမှုရေးဘာသာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မဖြစ်မနေတက်ကြွစွာ ပါဝင်လေ့ ရှိသည်။

လူငယ်များကျောင်းအားကစားကွင်းရှိသော်လည်း လူငယ်များအတွက် သီးသန့် အားကစားကွင်းမရှိ။ အားကစားကွင်းမြေနေရာရှိသော်လည်း မြေမညီ၊မြေညှိရန် စက်အားလိုအပ်သည်။ **အားကစားပစ္စည်း**မရှိသောကြောင့် လူငယ်များ အားကစားတိုးတက်မှုနည်းသည်။

၄င်းအပြင်လူငယ်များ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမှု အားနည်းသည်။ လူငယ်များမှ ရိုးရာ တီးဝိုင်းနှင့် **ခေတ်မီတီးဝိုင်းထူထောင်ရန်** စိတ်ဝင်စားကြသည်။ **ခေတ်မီတီးဝိုင်းအတွက် သင်တန်းလည်း** လိုအပ်သည်။ တိုင်းရင်းသားစာပေနှင့် စကားအားနည်းလာနေသောကြောင့် **တိုင်းရင်းသာစာပေကို ကျောင်းစာသင်ရိုးညွှန်တမ်းတွင် ထည့်သွင်းသင်ကြားပေးရန်**လိုအပ်သည်။

လူငယ်များ စာဖတ်နည်းပြီး ဖုန်းအင်တာနက် အသုံးပြုကြသော်လည်း အကျိုးရှိရှိ အသုံး မပြု ကြဘဲ ဖေ့စ်ဘုတ်နှင့် ဗိုက်ဗာများသာ အသုံးပြုနေကြပြီး လေ့လာသင်ယူမှု အားနည်းသည်။ ထို့ကြောင့် စာပေဟောပြောပွဲပြုလုပ်ပေးရန်နှင့် **ခေတ်မီစာကြည့်တိုက်ထူထောင်ခြင်း၊ အင်တာနက် အကျိုးရှိရှိ အသုံးပြုနည်းသင်တန်းလိုအပ်သည်။**

**(ဏ) ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး အခြေအနေ**

**(ဏ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု**

Scanned by CamScanner

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| **ဝန်ဆောင်မှုများ** | **ရှင်းလင်းချက်** | | |
|---|---|---|---|
| တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ ကြေးနန်းလိုင်း၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်း စသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦများရှိခြင်း | ရှိ ☒ | မရှိ ☐ | မဖြေဆိုပါ ☐ |
| အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်း | ရှိ ☐ | မရှိ ☒ | မဖြေဆိုပါ ☐ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | ရှိ ☐ | မရှိ ☒ | မဖြေဆိုပါ ☐ |
| မှုခင်းများ ကာကွယ်တားဆီး လျော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်း | ရှိ ☐ | မရှိ ☒ | မဖြေဆိုပါ ☐ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ဆက်သွယ်ရေးအနေဖြင့် အမ်ပီတီ၊ တယ်လီနောနှင့် အမ်အီးစီ ၃ လိုင်းစလုံးအသုံးပြုနိုင်ပြီး ဆက်သွယ်ရေးလိုင်း အားအသင့်အတင့်ကောင်းသည်။ ကျန်ဆက်သွယ်ရေးအ ဆောက်အဦး လုံလောက်မှုရှိသော်လည်း အမ်ပီတီ လုံလောက်မှုမရှိ။

အာမခံလုပ်ငန်းနှင့် ပါတ်သက်၍ ဗဟုသုတနည်းပါးပြီး စိတ်ဝင်စားမှုလည်း မရှိကြပါ။ အာမခံလုပ်ငန်းနှင့် ပါတ်သက်၍ အသိပညာပေး ဟောပြောပေးသင့်သည်။ **နိုင်ငံခြားဝန်ဆောင်မှု ကောင်းသော အာမခံလုပ်ငန်းများ** အလိုရှိသည်။ လက်ရှိအစိုးရ အာမခံလုပ်ငန်းများ (မီးအာမခံ၊ ယာဉ်အာမခံ၊ အသက်အာမခံ စသည်လုပ်ငန်းများ) ကိုပြည်သူလူထုအနေဖြင့် ယုံကြည်မှုမရှိပါ။

လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်များ မရှိသေးပါ။ ဗဟုသုတ လည်း မရှိသေးပါ။ မီးအန္တရာယ်မှာ အချိန်မရွေး၊ ရာသီမရွေးကျရောက်နိုင်သောကြောင့် ကျေးရွာ ၅ ရွာအတွက် **ကျေးရွာအုပ်စု သန္နေမီးသတ်တပ်ဖွဲ့နှင့် မီးသတ်ကားထူထောင်ပေး ရန်လိုအပ်သည်။**

မှုခင်းများ ကာကွယ်တားဆီး လျော့ချရေးအတွက် ဒေါ့ဖုန်းယန်ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးသော်လည်း လုံလောက်မှု မရှိပါ။ လူထုမှဦးဆောင်၍ မူးယစ်ဆေးကာ ကွယ်တားဆီး မှုများပြုနေသော်လည်းတရားဝင် လုပ်ကိုင်ရခြင်းမဟုတ်သောကြောင့်ထိရောက်မှုမရှိဘဲ တားဆီးကာ ကွယ်ရေးဆောင်ရွက်သူများအတွက် အန္တရာယ်များသည်။ ထို့ကြောင့် **မူးယစ်ဆေးကာ ကွယ်တားဆီး မှုကို လူထုကို အခြေခံသော အဖွဲ့ တရားဝင်ဖွဲ့စည်းခွင့်ပြုရန်** တင်ပြအပ်ပါသည်။

**(ဏ-၂) မှုခင်းဖြစ်ပွားမှု**

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | **လူကုန်ကူးမှု** | | **ခိုးမှု** | | **မူးယစ်ဆေးသုံးစွဲမှု** | | **အကြမ်းဖက်မှု** | |
|---|---|---|---|---|---|---|---|---|
| **မှုခင်းဖြစ်ပွားမှု အခြေအနေ** | စိုးရိမ်ရသည် | ☐ | စိုးရိမ်ရသည် | ☐ | စိုးရိမ်ရသည် | ☒ | စိုးရိမ်ရသည် | ☐ |
| | သာမန် | ☒ | သာမန် | ☒ | သာမန် | ☐ | သာမန် | ☐ |
| | မရှိ | ☐ | မရှိ | ☐ | မရှိ | ☐ | မရှိ | ☒ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

Scanned by CamScanner

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မှုခင်းဖြစ်ပွားမှု အခြေအနေများမှာ လူကုန်ကူးမှုနှင့် ခိုးမှုမှာ သာမာန်သာ ရှိသော်လည်း မူးယစ်ဆေးသုံးစွဲမှုမှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိသည်။ ရွာတွင် အကြမ်းဖက်ခံရမှု မရှိသေးပါ။ လူထုမှဦးဆောင်၍ မူးယစ်ဆေးကာကွယ် တားဆီးမှုများ ပြုနေသော်လည်း တရားဝင်လုပ်ကိုင်ရခြင်းမဟုတ်သောကြောင့် ထိရောက်မှုမရှိဘဲ တားဆီး ကာကွယ်ရေး ဆောင် ရွက်သူများအတွက် အန္တရာယ်များသည်။ **မူးယစ်ဆေးကာကွယ်တားဆီးမှုကို လူထု ကို အခြေခံသော အဖွဲ့ တရားဝင်ဖွဲ့စည်းခွင့်ပြုရန်** တင်ပြအပ်ပါသည်။ မူးယစ်ဆေးသုံးစွဲမှုအပါအဝင် မှုခင်းဖြစ်ပွါးမှု အခြေအနေကောင်းမွန်စေရန် ငြိမ်းချမ်းရေး အထူးလိုအပ်သည်။

Scanned by CamScanner